ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (28-6-2006) (၅၀၀၂)

မေတ္တာတန်ပိုးနှင့် မေတ္တာတန်ခိုးများ (အမှတ်စဉ်-၁)

မေတ္တာအာနိသင်

မေတ္တာတရားကို ပွားများခြင်းသည် အကျိုးစီးပွားကို
အလိုရှိသူတို့အတွက် လည်းကောင်း၊
အလိုမရှိသူတို့အတွက် လည်းကောင်း၊
ကုသိုလ်ကျေးဇူးကို ဆောင်ရွက်နိုင်၏။
အကြင်သူတို့သည် အာနိသင်ကြီးမားလှသော
မေတ္တာပွားများခြင်းကို ကောင်းစွာ မှီဝဲအပ်၏။
မိလိန္ဒပဉှာ မေတ္တာဘာဝနာနိသံသ
(သာသနာရေး)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း (၂၃)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးသို့ တက်ရောက်မည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဇွန် ၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဗိုလ်ချုပ်ရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့်အတူ ယနေ့နံနက် ၆နာရီခွဲတွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပမည့် (၂၃) ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးသို့ တက်ရောက်ရန် နေပြည်တော်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။

အဆိုပါမြန်မာကိုယ်စားလှယ်အဖွဲ့တွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်ခေါင်းဆောင်၍ အဖွဲ့ဝင်များအဖြစ် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးရဲဝင်းနှင့် စစ်သံမှူး ဗိုလ်မှူးကြီးတင်စိုး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပမည့် (၂၃)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးသို့ တက်ရောက်ရန် နေပြည်တော်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြသည့် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(အပေါ်ပုံနှင့် ဝဲပုံ) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၈-၆-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မူးယစ်ဆေးဝါးပပျောက်ရေး အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြီး ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းလျက်ရှိသည်။ မူးယစ်ဆေးဝါးထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထုပူးပေါင်းပါဝင်ရေး၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များကို အစွမ်းကုန်ကြိုးပမ်းလုပ်ကိုင်လျက်ရှိရာ အောင်မြင်မှုများရရှိနေသည်။

မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုများကို ထိထိရောက်ရောက်တိုက်ဖျက်လျက်ရှိရာ ဘိန်း၊ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးခြင်း၊ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများအား မီးရှို့ဖျက်ဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ အကြိမ်(၂၀)မြောက် မီးရှို့ ဖျက်ဆီးသည့် အခမ်းအနားကို ဇွန်လ ၂၆ ရက်နေ့က ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဘိန်း၊ ဘိန်းဖြူ၊ ဆေးခြောက်၊ စိတ်ကြွရူးသွပ်ဆေးပြား၊ ဓာတုဗေဒဆေးမှုန့်နှင့် ဆက်စပ် ပစ္စည်းများကို မီးရှို့ဖျက်ဆီးခဲ့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၄၈ သန်းကျော်ဖိုးရှိသည်။ ပထမအကြိမ်မှ ယခုအကြိမ်(၂၀)မြောက်အထိ မီးရှို့ဖျက်ဆီးခဲ့သည့် မူးယစ်ဆေးဝါးများ၏ ကာလတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၄၈၀၉ ဒသမ ၉ သန်းကျော်ရှိကြောင်း သိရသည်။

မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတကာ၌ ကျယ်ပြန့်နက်ရှိုင်းစွာ ပေါ်ပေါက်လျက်ရှိသည့်အတွက် တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို တစ်နိုင်ငံတည်း၊ ဒေသတစ်ခုတည်းက လုပ်ဆောင်၍မရနိုင်ပေ။ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသခွဲအတွင်း နိုင်ငံများနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းမှုများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိသည်။ အခြားနိုင်ငံများနှင့် အပြန်အလှန် သတင်းဖလှယ်ညှိနှိုင်းခြင်းဖြင့် မူးယစ်ဆေးဝါးများစွာနှင့် လက်နက်များ ဖမ်းဆီးရမိခြင်းအပါအဝင် မူးယစ်ဆေးဝါး တရားခံများ လွှဲပြောင်း ပေးအပ်ရယူနိုင်ခြင်း၊ ဘိန်းချက်စခန်းများ ရှင်းလင်းနိုင်ခြင်း စသည့် အကျိုးရလဒ်များ ရရှိခဲ့သည်။

နှစ်နိုင်ငံ နယ်စပ်ဒေသဆက်ဆံရေးရုံးများကို မြန်မာ-တရုတ်နယ်စပ်၌ ကချင်ပြည်နယ် လွယ်ဂျယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ချင်းရွှေဟော်၊ မြန်မာ-ထိုင်းနယ်စပ်၌ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ မြန်မာ-လာအိုနယ်စပ်၌ တာချီလိတ်မြို့ ဝမ်ပုံတို့၌ ဖွင့်လှစ်ပြီး မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးပြဿနာသည် ထုထည်ပမာဏကြီးမား ကျယ်ပြန့်သော်လည်း နိုင်ငံတော်က ချမှတ်လုပ်ကိုင်နေသည့် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ် စီမံကိန်းနှင့် ပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့်ပါဝင်မှု၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တိုးမြှင့်ပူးပေါင်း လုပ်ဆောင်နိုင်မှုများဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါသည်။ ။

ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး လောကနန္ဒာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းနှင့် မြကန် ပြန်လည်ပြုပြင်တည်ဆောက်မှု စစ်ဆေး

နေပြည်တော် ဇွန် ၂၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် ဇွန် ၁၈ရက် နံနက် ၁၁နာရီတွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ် လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိရာ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်က မြစ်ရေတင်စီမံကိန်းဧရိယာ၌ စပါးဧက ၅၀၀၀ကျော် စိုက်ပျိုးနိုင်ရန် ရေပေးဝေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးသည် မြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းကော်မတီဝင်များနှင့် တွေ့ဆုံ၍ မြစ်ရေတင်ဧရိယာ၌ ရေတင်စခန်း အဆင့်အလိုက်စိုက်ပျိုးမည့် စပါး၊ ချည်မျှင်ရှည်ဝါ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ အခြေအနေများကို လည်းကောင်း၊ မျိုးသန့်လဲလှယ်ရေး အစီအစဉ်များကို လည်းကောင်း ဆွေးနွေးမှာကြားကာ တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းတွင် ကူညီပံ့ပိုးပေးရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဧရာဝတီမြစ်၏ ရေအခြေအနေနှင့် ရေပေါ် ရေတင်စက်ရုံသုံးရုံမှ ရေတင်မှုကို လည်းကောင်း၊ ရေငြိမ်ကန်နှင့် ရေပေးတူးမြောင်းကိုလည်းကောင်း ကြည့်ရှုပြီး စီမံကိန်းဧရိယာ၌ မိုးစပါးများ အချိန်မီ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ ရေတင်စခန်း အမှတ်(၃)နှင့် အမှတ်(၄)တို့၌ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော စပါးခင်းများကို ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပုဂံညောင်ဦးမြို့နယ် မြကန် စိမ်းလန်းသာယာစိုပြည်ရေးစီမံကိန်း အထောက်အကူပြု မြကန် ပြန်လည်ပြုပြင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သတ်မှတ်ချိန် လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားသည်။ (သတင်းစဉ်)

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး မြကန် စိမ်းလန်းစိုပြည်ရေး စီမံကိန်းအထောက်အကူပြု မြကန် ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှု စစ်ဆေးစဉ်။ (လယ်/ဆည်)

မုံလယ်တောရရိပ်သာ ဝါတွင်းတရားစခန်း

ရန်ကုန် ဇွန် ၂၇

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပဲခူး(၁၀)မိုင်ကုန်း မိုးကုတ်ဝိပဿနာ မုံလယ်တောရ ဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်းပွဲများကို ဇူလိုင် ၇ ရက်မှ ၁၅ ရက်၊ ဩဂုတ် ၅ ရက်မှ ၁၃ ရက်၊ စက်တင်ဘာ ၂ ရက်မှ ၁၀ ရက်အထိ သုံးကြိမ် ကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲများတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရ (မုံလယ်ဆရာတော်ကြီး) ကိုယ်တိုင် တရားချီးမြှင့်မည်ဖြစ်၍ တရားစခန်းဝင်လိုသူယောဂီများသည် ဖုန်း-၂၄၇၅၇၆၊ ၅၂၆၄၁၈ နှင့် ၅၄၀၈၀၅ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။(က-ပ)

ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ကိုးနှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၇

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ တည်ထောင်ခြင်း ကိုးနှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့မွန်းတည့် ၁၂နာရီတွင် ပန်းတစ်ပွင့်တောင်တောရကျောင်းတိုက်ရှိ ဓမ္မသုခဗိမာန်၌ကျင်းပရာ ရှေးဦးစွာ ပရိသတ်တို့က ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ပဓာနနာယကချုပ် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း(အထက်တန်း) ကျောင်းအုပ် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာရက အလှူရှင်များအား ဝမ်းမြောက်ကြောင်း ဩဝါဒကထာကို မြွက်ကြားတော်မူကာ ငွေကျပ် တစ်သိန်းနှင့်အထက် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်တော်မူသည်။

ယင်းနောက် တိုက်ကြီး တပ်နယ်မှူး ဗိုလ်မှူးကြီးဝင်းမောင်၊ မှော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလှဦးနှင့် အလှူရှင်များက ပန်းတစ်ပွင့်တောင် ယဉ်ကျေးမှုသင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူ ၁၉၄ဦးတို့အား တစ်ဦးလျှင် ဆုငွေကျပ်ငါးထောင်စီ တန်ဖိုးရှိ စာရေးကိရိယာနှင့် ဆုငွေများ၊ သင်တန်းတက်ရောက်နေကြသူ ကျောင်းသားကျောင်းသူ ၄၄၀တို့အား ကျောင်းဝတ်စုံနှင့် ထောက်ပံ့ကြေးငွေ ကျပ်နှစ်ထောင်စီနှင့် သူငယ်တန်းမှ ဒသမတန်းအထိ အတန်းလိုက် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး ပန်းတစ်ပွင့်တောင် ဆရာတော်ထံမှ ပရိသတ်တို့က ရေစက်ချတရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ (သတင်းစဉ်)

ဗိုလ်ဆွန်ပက်(အောက်လမ်း) ဝါတွင်းဆွမ်းလောင်းမည်

ရန်ကုန် ဇွန် ၂၇

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက် (အောက်လမ်း) ဆွမ်းလောင်းအသင်းက (၃၄)ကြိမ်မြောက် ဝါတွင်း(တနင်္ဂနွေနေ့)တိုင်း အရဏ်ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူမည်ဖြစ်ရာ စာသင်တိုက်ကြီးများအနေဖြင့် (စနေနေ့) ညနေတွင် ဆွမ်းဟင်းချိုင့်များကို ကြိုတင်ပေးပို့ကြရန် နှိုးဆော် လျှောက်ထားသည်။ (ကြေးမုံ)

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ၂၀၀၆-၂၀၀၇ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၂ ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ခိုင် အမှာစကားပြောကြားပြီး မြို့နယ် အတွင်းရေးမှူး ဦးတင်အောင်ဝင်းက မြို့နယ်ဥက္ကဋ္ဌကိုယ်စား နှစ်စဉ်စီမံကိန်းရည်မှန်းချက်တာဝန်များကို ဌာနဆိုင်ရာများအား ပေးအပ်စဉ်။ (၅၀၆)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ အမှတ် ၁၅ ရှိ တိပိဋကမဓမ္မရက္ခိတဗိမာန်တော်ကြီးတွင် တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ၁၈လမ်း နေ ဦးလှစံ၊ ဇနီး ဒေါ်အေးအေးစိုး မိသားစုက ရန်ကုန်မြို့ မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် တရားရိပ်သာဆောက်လုပ်ရန်အတွက် အလှူငွေ ကျပ် တစ်သိန်းကို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြသောင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို

ရန်ကုန်အရှေ့ပိုင်းခရိုင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲကျင်းပ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အားပေး

ရန်ကုန် ဇွန် ၂၇

၂၀၀၆ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် ၂၀၀၆ခုနှစ် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ စက်မှုဇုန် (၁၊ ၂၊ ၃) စံပြခြံစည်းရိုး ကြက်ဆူပင်စိုက်ခင်း၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အားပေးပြီး ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ရန်ကုန်အရှေ့ပိုင်းခရိုင် ၂၀၀၆ခုနှစ် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ယင်းအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ကျောင်းအုပ်ကြီးများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီဝင်များ၊ စီးပွားရေးလုပ်ငန်း ရှင်များ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွား အဖွဲ့နှင့် ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ဖဲကြိုးဖြတ်၍ ၂၀၀၆ ခုနှစ် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲအခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းတို့ထံ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်း ခြံစည်းရိုး ကြက်ဆူပင် ရာနှုန်းပြည့် ကျော်လွန်အောင် စိုက်ပျိုးနိုင်ခြင်းအထိမ်းအမှတ် အလံများကို ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူပင်နှင့် ပတ်သက်ပြီး အနည်းငယ်ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံ၌ ကြက်ဆူပင်ကို ရှေးနှစ်ပေါင်းများစွာကပင် ယာမြေ၊ အိမ်ခြံ၊ ရွာစည်းရိုးတို့၌ ခြံစည်းရိုးပင် အဖြစ် စိုက်ပျိုးခဲ့ကြခြင်းကို တွေ့ရကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်သည် နှစ် ၅၀အထိ သက်တမ်းရှည်သော နှစ်ရှည်ပင်တစ်မျိုးဖြစ်ပြီး မြေကောင်း၊ မြေညံ့မရွေး ပေါက်ရောက်နိုင်သည့်အပြင် စိုက်ပျိုးမှုလည်းလွယ်ကူသည့် အပင်တစ်မျိုးဖြစ်ကြောင်း။

ခြံစည်းရိုးကြက်ဆူအစေ့တွင် ဆီပါဝင်မှုများသည်ကို တွေ့ရကြောင်း၊ ၎င်းမျိုးစေ့တွင်ပါဝင်သော ဆီ၏ ၈၉ ရာခိုင်နှုန်းအထိ ဆီကြိတ်ပြီးထုတ်ယူနိုင်ခြင်းကိုတွေ့ရကြောင်း၊ ထို့ကြောင့် အာဖရိကနိုင်ငံများ၊ အိန္ဒိယနှင့် နီပေါနိုင်ငံများ၌ ခြံစည်းရိုးကြက်ဆူဆီကို ဓာတုဒီဇယ်ဆီနေရာတွင် အစားထိုးပြီး စက်မောင်းဆီအဖြစ် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာခြင်းကိုတွေ့ရကြောင်း။

ယခုခေတ်တွင် ရေနံနှင့် ရေနံထွက် ပစ္စည်းများ သုံးစွဲမှုသည် တစ်နေ့တခြား တိုးတက်လာသည်ကို တွေ့ရကြောင်း၊ ကမ္ဘာ့ရေနံထွက်သော နိုင်ငံအသီးသီး တွင် နှစ်ကာလကြာမြင့်လာသည်နှင့် အမျှ မြေအောက်ရေနံ သယံဇာတများ သည် တစ်နေ့နေ့တွင် ကုန်ခန်းသွားမည် ဟု ပညာရှင်များက ခန့်မှန်းလာကြ ကြောင်း၊ ထို့ကြောင့် ယခုကာလတွင် လူတို့ စိုက်ပျိုးထုတ်လုပ်ပြီး နောင် နှစ်ရာထောင်ချီပြီး ကုန်ခန်းမသွားနိုင်သော သီးနှံထွက် ဘိုင်အိုဒီဇယ်ဆီများကို အစားထိုးသုံးစွဲရန် ကြိုးစားလာကြခြင်း ဖြစ်ကြောင်း။

သီးနှံထွက် ဘိုင်အိုဒီဇယ်အထဲတွင် ခြံစည်းရိုးကြက်ဆူပင်က ရရှိသည့် ဆီသည် ပိုမိုကောင်းမွန်ပြီး အကျိုးရှိခြင်းကို တွေ့ရကြောင်း။

ခြံစည်းရိုးကြက်ဆူပင်သည် ဘိုင်အိုဒီဇယ် ထုတ်လုပ်သုံးစွဲမှုတွင်မက ဆေးဖက်ဝင်အဖြစ်လည်း အသုံးပြုနိုင်သည်ကို တွေ့ရကြောင်း၊ အဆီကို ဝမ်းနုတ်ဆေး၊ အရေပြားရောဂါနှင့် ကြွက်သားများနာကျင် ကိုက်ခဲမှု ကုသဆေး၊ ပင်စည်မှထွက်ရှိသော အစေးကို ကင်ဆာရောဂါကာကွယ်ဆေး၊ အမြစ်မှ ထုတ်ယူသည့်အရည်ကို မြွေဆိပ်ဖြေဆေးအဖြစ် သုံးစွဲနိုင်ကြောင်း၊ တစ်ဖန် လူတို့အသုံးပြုနိုင်သည့် ဆေးဖက်ဝင် ပစ္စည်းအပြင် ပိုးသတ်ဆေးများအဖြစ် ထုတ်လုပ်နိုင်ခြင်းကိုလည်း တွေ့ရ ကြောင်း၊ ဘရာဇီးနိုင်ငံ၌ အစေ့ကို အမှုန့်ကြိတ်ပြီး စားအုန်းဆီနှင့် ရောစပ်လျက် ကြွက်သတ်ဆေးအဖြစ်လည်း ကောင်း၊ ဖိလစ်ပိုင်နိုင်ငံ၌ ချည်မျှင် ရှည်ဝါ၊ အာလူး၊ ပဲမျိုးစုံ၊ ပြောင်းသီးနှံများတွင်ကျရောက်သော ပိုးမွှားကာကွယ် ဆေးအဖြစ် အသုံးပြုကြသည်ကိုတွေ့ရ ကြောင်း၊ အချို့နိုင်ငံများတွင် အပင်က ထုတ်ယူသည့်အရည်ကို ပင်လယ် ငါးဖမ်းလုပ်ငန်းများ၌ အဆိပ်အဖြစ် အသုံးပြုကြခြင်းကို တွေ့ရကြောင်း။

ရန်ကုန်တိုင်းတွင် သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင်ကို ဧက ငါးသိန်း စိုက်ပျိုးရန် စီမံဆောင်ရွက်လျက် ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေးကို အမျိုးသား ရေး တာဝန်တစ်ရပ်"**အဖြစ် ခံယူပြီး ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြား ထားပြီးလည်း ဖြစ်ကြောင်း။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန် အရှေ့ပိုင်းခရိုင် ၂၀၀၆ခုနှစ် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲတွင် ခြံစည်းရိုး ကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်သည့် နေရာတွင် ရန်ကုန်တိုင်းအနေဖြင့် ပါဝင်သကဲ့သို့ ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင်ကလည်း ဧက ၇၀၀၀ ပါဝင်ဆောင်ရွက်သည့် နေရာတွင် မျိုးစုဆောင်းမှု ၁၆၉ ဒသမ ၈၄ရာခိုင်နှုန်း ပျိုးထောင်ပြီး ၈၅သိန်း၊ စိုက်ပျိုးပြီး စုစုပေါင်း ၇၂၁၅ဧကရှိပြီး ရာခိုင်နှုန်းအားဖြင့် ၁၀၃ ဒသမ ၀၇ ရာခိုင်နှုန်းအထိ ပိုမိုကျော်လွန်စိုက်ပျိုး ထားနိုင်ခဲ့သည်ကို သိရှိရကြောင်း၊ စိုက်ပျိုးပြီးစီးသည့် အပင်များအားလုံး လည်း အထွက်နှုန်းကောင်းအောင် ဆက်လက်ပြုစုသွားရန်၊ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ရန်လည်း တိုက်တွန်းလိုကြောင်း၊ စက်မှုလုပ်ငန်း ရှင်များကလည်း ရန်ကုန်တိုင်းအတွင်း မြေလွတ်မြေရိုင်း သီးသန့် ဧက ၄၈၀၀ တွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိ ကြောင်း။

ရန်ကုန်အရှေ့ပိုင်းခရိုင်တွင် ဧရိယာ ၁၄၀ စတုရန်းမိုင် ဧက ၈၉၆၀၀ ရှိသည့် အနက် လယ်မြေမျိုး ၈၃၈ဧကရှိပြီး ကျန်ဧရိယာများကို မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူပြီး မြို့ရွာဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက် ရသော ဧရိယာများ ဖြစ်ကြောင်း၊ တရားဝင်ဧရိယာ မရှိသော်လည်း နိုင်ငံတော်၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး မြင့်မားရေးကို ဦးတည်ပြီး ကျားကုတ်ကျားခဲ စိုက်လိုက်မတ်မတ် ကြိုးစားခဲ့သည့်အတွက် လယ်ယာကဏ္ဍတွင် မိုးစပါး ၂၆၅၇၅ ဧက၊ နွေစပါး ၅၆၃၃ ဧက၊ ပဲမျိုးစုံ ၁၀၁၉၅ ဧက၊ ဆီထွက်သီးနှံနှင့် ဆေးဖက်ဝင်အပင်များ အဖြစ် ယခုအခါ ခြံစည်းရိုးကြက်ဆူ ၇၂၁၅ ဧကကိုလည်း မြေလပ်မကျန် အောင် ကြိုးစားစိုက်ပျိုးနိုင်ခဲ့ပြီဟု သိရ ကြောင်း။

နိဂုံးချုပ်အနေဖြင့် စိုက်ပျိုးပြီးကြက်ဆူ ပင်များမှ တစ်နှစ်တွင် ဘိုင်အိုဒီဇယ်ဆီ ဂါလန် ခုနစ်သိန်း ရရှိရေးအတွက် အကိုင်းဖြတ် ခေါင်ညွှန့်နှိမ်ခြင်း၊ ပေါင်းမြက် ကာကွယ်နှိမ်နင်းခြင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျရောစပ်သုံးစွဲခြင်း စသော နည်းပညာများဖြင့် တစ်ပင်မှ ၁၅ကိုင်း၊ တစ်ကိုင်းမှ သီးလုံး ၇၀ရရှိ၍ တစ်ဧက အပင် ၁၂၀၀မှ ကြက်ဆူစေ့ ၁၃၁တင်း ထွက်ပြီး ဘိုင်အိုဒီဇယ်ဆီ ဂါလန် ၁၀၀ ရရှိနိုင်ရေးကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ စက်မှုဇုန်များမှအခွံခွဲစက်အစေ့ဆီ ကြိတ်စက်ထုတ်လုပ်မှုပညာရှင်များနှင့် ပူးပေါင်းအကြံဉာဏ်ယူပြီး တိုးတက် အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသွား သည်။

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်း ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က ရန်ကုန်အရှေ့ပိုင်း ခရိုင်အတွင်း ခြံစည်းရိုးကြက်ဆူပင်များ ရာနှုန်းပြည့် ကျော်လွန်အောင် စိုက်ပျိုး ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြ သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန် တို့က ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ ဆေးရုံကြီးများ၊ လူမှုရေး အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင် များနှင့် စက်မှုဇုန်များမှ တာဝန်ရှိသူများ အား ခြံစည်းရိုးကြက်ဆူပင်များကို ဖြန့်ဝေပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးရေး ပညာပေး ပြကွက်နှင့် စက်မှုဇုန်ထုတ် ကြက်ဆူစေ့ ကြိတ်စက်နှင့် အခွံချွတ်စက်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းတို့က ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲအခမ်းအနား အထိမ်းအမှတ် အဖြစ် ခြံစည်းရိုးကြက်ဆူပင်များကို သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြ သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ဌာနဆိုင်ရာ များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူ များက ခြံစည်းရိုးကြက်ဆူပင်များ တပျော်တပါး စိုက်ပျိုးနေမှုကို လိုက်လံ ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်၌ ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရန် လျာထားဧက ၇၀၀၀ ဖြစ်ရာ စုစုပေါင်း ၇၂၁၅ဧက၌ အပင်ပေါင်း ၈၆၅၇၇၉၆ပင်တို့ကို ဇွန်လ ဒုတိယပတ်တွင် စိုက်ပျိုးပြီးစီးခဲ့သဖြင့် ရာနှုန်းပြည့်ကျော်လွန်အောင် စိုက်ပျိုး ထားရှိပြီးဖြစ်ကြောင်းနှင့် ယနေ့ အခမ်း အနားတွင် ခြံစည်းရိုးကြက်ဆူပင် ဧက ၁၀၀၌ အပင်ပေါင်း ၁၂၀၀၀၀ တို့ကို စိုက်ပျိုးခဲ့သည်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် ၂၀၀၆ ခုနှစ် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများက ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးကြစဉ်။ (သတင်းစဉ်)

အမှာစကား ပြောကြား

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း နိုင်ငံပိုင် စက်ရုံအလုပ်ရုံများကို ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် ကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကုန်ထုတ်လုပ်မှုတိုးတက်ရန် ဆောင်ရွက်ရာတွင် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သင့် နိုင်ငံပိုင်စက်ရုံများကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားမည်

နေပြည်တော် ဇွန် ၂၇

နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲကို ယမန်နေ့တွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

ရှင်းလင်းပွဲသို့ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ စီးပွားရေးပညာရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ သတင်းနှင့်စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ စုစုပေါင်း ၂၇၀တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အဖွင့်အမှာစကားပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် အဓိကကျကြောင်း၊ သို့ဖြစ်၍လည်း နိုင်ငံတော်အနေဖြင့် အဓိကကျသောပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်အတွက်လိုအပ်သည့် ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာတွင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ အစိုးရချည်းမဟုတ်ဘဲ အဓိကကျသော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သင့်ကြောင်းကို လမ်းညွှန်ခဲ့သည်နှင့်အညီ နိုင်ငံပိုင်စက်ရုံများကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများကို ကျင့်သုံးသွားမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ မိမိတို့ဝန်ကြီးဌာနအောက်မှ စက်ရုံ ၁၁ရုံကို ပထမအဆင့်အနေဖြင့် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာန အောက်ရှိ စက်ရုံများမှ အရည်အသွေးကောင်းသော လူ့အသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်နှင့်ဆေးဝါးပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ စာရေးစက္ကူနှင့် ဆက်စပ်ပစ္စည်းများကို တိုးတက်ထုတ်လုပ်ပေးလျက်ရှိရာ ၂၀၀၃–၂၀၀၄ခု ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၇၆ ဒသမ ၅၀ ဘီလီယံ၊ ၂၀၀၄–၂၀၀၅ ခု ဘဏ္ဍာနှစ်တွင် ငွေကျပ် ၉၈ ဒသမ ၅၁ ဘီလီယံ၊ ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာနှစ်တွင်ငွေကျပ် ၁၃၃ ဒသမ ၇၁ ဘီလီယံ၊ ၂၀၀၆–၂၀၀၇ခု ဘဏ္ဍာနှစ် မေလအထိ ငွေကျပ် ၂၄ ဒသမ ၆၃ ဘီလီယံထုတ်လုပ်နိုင်ခဲ့ပြီး ငွေကျပ်ဘီလီယံ ၂၀၀ အထိရရှိရန်ရည်မှန်းဆောင်ရွက်နေကြောင်း၊ ထုတ်ကုန်ပစ္စည်းများမှာလည်း အရည်အသွေးကောင်းမွန်၍ ဈေးကွက်ရရှိပြီး လူကြိုက်များသော ပစ္စည်းများဖြစ်ကြောင်း။

ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် မရှင်းလင်းသည်များကို မေးမြန်းနိုင်ပါကြောင်း၊ စက်ရုံများကို အကျိုးတူပူးပေါင်းဆောင်ရွက်ရာတွင် နိုင်ငံတော်အပိုင်းက စက်ရုံ၏ ၅၁ ရာခိုင်နှုန်းကို ထည့်ဝင်မည်ဖြစ်ပြီး ကျန် ၄၉ ရာခိုင်နှုန်းကို အများပြည်သူများအား ရှယ်ယာခေါ်ယူ၍ ရောင်းချသွားမည်ဖြစ်ကြောင်း။

အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် စက်ရုံများ၏ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုအပိုင်းတွင် နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်းထည့်ဝင်သည့် ရှယ်ယာအပေါ်မူတည်၍ မျှတစွာ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဒါရိုက်တာအဖွဲ့ကို ဖွဲ့စည်းရာတွင် ရှယ်ယာထည့်ဝင်သူတိုင်း ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ပိုင်ခွင့်ရှိပြီး ဒါရိုက်တာအဖွဲ့ကိုလည်း တစ်နှစ်တစ်ကြိမ် ပြန်လည်ရွေးချယ်မည်ဖြစ်ကြောင်း၊ ကနဦး ရှယ်ယာတစ်ခု၏ တန်ဖိုးကို ငွေကျပ်တစ်သန်းသတ်မှတ်ပြီး ယင်းရှယ်ယာတန်ဖိုးကို တစ်နှစ်တစ်ကြိမ် ပြန်လည်တွက်ချက်သတ်မှတ်မည်ဖြစ်ကြောင်း၊ ရှယ်ယာများကို ရောင်းချခွင့်နှင့် လွှဲပြောင်းနိုင်ခွင့်ရှိမည်ဖြစ်ကြောင်း။

အကျိုးတူပူးပေါင်းဆောင်ရွက်မှုသက်တမ်းကို အနည်းဆုံး ၁၀နှစ်သတ်မှတ်မည်ဖြစ်ပြီး လိုအပ်ပါက သက်တမ်းတိုးနိုင်ကြောင်း၊ နိုင်ငံတော်ပိုင်းနှင့် ပုဂ္ဂလိကပိုင်းတို့ ပူးပေါင်းဆောင်ရွက်၍ တည်ထောင်ထားသည့် ဖက်စပ်လုပ်ငန်းကို ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း နိုင်ငံတော်က သိမ်းယူခြင်းမပြုပါကြောင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု ဖွဲ့စည်းတည်ထောင်ရာတွင် နိုင်ငံတော်က သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မတီသို့တင်ပြအတည်ပြုချက်ရယူခြင်း၊ ကုမ္ပဏီများမှတ်ပုံတင်ရေးဦးစီးဌာန၌ မှတ်ပုံတင်ခြင်းစသည်တို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရာတွင် သင်းဖွဲ့စည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ပြီး သင်းဖွဲ့စည်းမျဉ်းများကိုလည်း ရှယ်ယာရှင်များနှင့် ပူးပေါင်းရေးဆွဲသွားမည်ဖြစ်ကြောင်းဖြင့် အသေးစိတ် ဆွေးနွေးပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ရင်းနှီးမြှုပ်နှံမှုကိစ္စများနှင့်ပတ်သက်၍လည်းကောင်း၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းများတွင် လိုအပ်သော လောင်စာဆီနှင့် သဘာဝဓာတ်ငွေ့ ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေနှင့် ပတ်သက်၍လည်းကောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို ဝန်ကြီးဌာန နှစ်ဌာနဖွဲ့စည်း ရသည့်အကြောင်းနှင့် လျှပ်စစ်ဓာတ်အား၏ ဖြန့်ဝေမှုနှင့် အရေးကြီးအခန်းကဏ္ဍတွင် ပါဝင်မှုတို့နှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်မည့် စက်ရုံ ၁၁ ရုံနှင့်ပတ်သက်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ သိလိုသည့် မေးမြန်းချက်များကို ဝန်ကြီး ဦးအောင်သောင်းနှင့် ဝန်ကြီး ဦးစိုးသာတို့က ပြန်လည် ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဝန်ကြီး ဦးအောင်သောင်းက နိဂုံးချုပ်အမှာစကားပြောကြားကာ ရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မြန်မာနိုင်ငံဆိုင်ရာ ယူနီဆက်ဌာနေကိုယ်စားလှယ် တွေ့ဆုံနှုတ်ဆက်

နေပြည်တော် ဇွန် ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်)ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှိ ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။ (အပေါ်ပုံ)

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ရုံးအဖွဲ့မှူးတို့လည်း တက်ရောက်ကြသည်။ (သတင်းစဉ်)

မဟာစည် လယ်တီစံ ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇွန် ၂၇

မဟာစည်ဆရာတော်ကြီး၏ ဩဝါဒနည်းနာများ ခံယူလျက် ဝိပဿနာ ၁၀ ရက်တရားစခန်းများ လစဉ် ကျင်းပလျက်ရှိသော ပုဇွန်တောင်မြို့နယ် အမှတ်(၂)ရပ်ကွက် မဟာညောင်ကုန်းကျောင်းတိုက် လယ်တီစံသာသနာ့ရိပ်သာတွင် (၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၆ ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ နံနက် ၇ နာရီမှ ၉ နာရီအတွင်း ကြွရောက်ဆက်ကပ်လှူဒါန်းနိုင်ပါကြောင်းနှင့် ဖုန်း–၂၀၁၆၃၄ သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။ (၂၃)

အီးယူနှင့်တရုတ် ပူးပေါင်းဆောင်ရွက်ရေး တိုးချဲ့ရန် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံညီလာခံ ဒုတိယဥက္ကဋ္ဌ တိုက်တွန်း

ပါရီ ဇွန် ၂၆

ဥရောပသမဂ္ဂ (အီးယူ)နှင့် တရုတ်နိုင်ငံတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်ရေး တိုးချဲ့ရန်နှင့် နားလည်မှု ခိုင်မာစေရန် ပိုမိုကြိုးပမ်းကြရန် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံညီလာခံ (စီပီပီစီစီ)ဒုတိယဥက္ကဋ္ဌ ဇန်မေယင်က ကြာသပတေးနေ့တွင် တိုက်တွန်းနှိုးဆော်လိုက်သည်။

မျှော်လင့်ထား

မိုနာကိုနိုင်ငံ မွန်တီကာလိုမြို့တွင် ဇွန် ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပသည့် (၁၇)ကြိမ်မြောက် ကရန်စ်မော်နာတာ နှစ်ပတ်လည်ဖိုရမ် ဆွေးနွေးပွဲ၌ မိန့်ခွန်းပြောကြားရာတွင် ဇန်မေယင်က တိုက်တွန်း နှိုးဆော်ခြင်းဖြစ်သည်။ တရုတ်နိုင်ငံက စုစည်းညီညာပြီး ချမ်းသာကြွယ်ဝသည့် ဥရောပဒေသအဖြစ် တွေ့မြင်လိုကြောင်း၊ အီးယူအနေဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံအများ ဖွံ့ဖြိုးမှုမြှင့်တင်ရန်အတွက် ပိုမိုတက်ကြွသည့် အခန်းကဏ္ဍမှ ပါဝင်နိုင်မည်ဟု တရုတ်နိုင်ငံက မျှော်လင့်ထားကြောင်း ဇန်မေယင်က ပြောကြားသည်။

တရုတ်နှင့် အီးယူတို့ သံတမန်ရေးအရ ဆက်ဆံမှု တည်ထောင်ပြီးခဲ့သည့် နောက်ပိုင်း ၃၁ နှစ်ကာလအတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများသည် တည်ငြိမ်မှုရှိနေပြီး ရင့်ကျက်မှုရှိလာပြီဖြစ်ကြောင်း၊ ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် တရုတ်နှင့် အီးယူတို့သည် မဟာဗျူဟာမြောက် မိတ်ဖက် နိုင်ငံအဖြစ် ထူထောင်နိုင်ခဲ့ပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆန္ဒထက်သန်

တရုတ်နိုင်ငံက အီးယူနှင့် ဆက်ဆံရေးကို လွန်စွာအလေးထားလျက်ရှိနေပြီး နှစ်နိုင်ငံ အပြန်အလှန် လေးစားမှုရှိစေရေး၊ တန်းတူညီမျှမှုရှိစေရေးနှင့် နှစ်နိုင်ငံ အပြန်အလှန်အကျိုးဖြစ်ထွန်းမှုရှိရေးမူဝါဒအပေါ်အခြေခံ၍ဆက်ဆံရေး ဖွံ့ဖြိုးမှုရှိစေရန် ဆန္ဒထက်သန်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံ ဟေလုံကျန်ပြည်နယ်ရှိ ဆူဖန်ဟေးမြို့သည် ၁၉၉၀ပြည့်လွန်နှစ်များက နယ်စပ်မြို့လေးအဖြစ်ရှိခဲ့ရာမှ ယခုအခါ ခေတ်မီမြို့ကြီးတစ်မြို့အဖြစ်သို့ ပြောင်းလဲရောက်ရှိလာသည်ကို ဇွန် ၂၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အထူးစီးပွားရေးဇုန်များတည်ထောင်ရေး အင်ဒိုနီးရှားနှင့်စင်ကာပူ စီစဉ်

ဂျကာတာ ဇွန် ၂၆

အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံတို့သည် နှစ်နိုင်ငံပူးပေါင်း၍ အထူးစီးပွားရေးဇုန်များ တည်ထောင်ရန် စီစဉ်လျက်ရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတ ယူစွတ်ကယ်လာက သောကြာနေ့တွင် ပြောကြားသည်။

စီးပွားရေးဇုန်များမှာ အင်ဒိုနီးရှားနိုင်ငံ ဘာတမ်ကျွန်းနှင့် ဘင်တန်ကျွန်းတို့တွင် တည်ရှိပြီး စင်ကာပူနိုင်ငံမှ ကီလိုမီတာ ၂၀ မျှသာ ကွာဝေးသည်။ ယင်းစီးပွားရေးဇုန်များသည် နှစ်နိုင်ငံ အပြန်အလှန် အကျိုးရှိစေရေးအတွက် နိုင်ငံတစ်နိုင်ငံစီ၏ အားသာချက်များကို ပေါင်းစည်းမည်ဖြစ်ကြောင်း ၎င်းက သတင်းထောက်များအား ပြောကြားသည်။

ပေါင်းစည်း

အင်ဒိုနီးရှားနိုင်ငံသည် ယင်း၏ ကိုယ်ပိုင် အားသာချက်များရှိကြောင်း၊ စင်ကာပူနိုင်ငံတွင်လည်း အလားတူ အားသာချက်များရှိကြောင်း၊ ယင်းအားသာချက်များကို ပေါင်းစည်းမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပံ့ပိုးပေးမည်

စင်ကာပူနိုင်ငံတွင် ငွေကြေးအရင်းအနှီး၊ ဈေးကွက် စီးပွားရေးစနစ်၊ ကွန်ပျူတာနည်းပညာနှင့် ကုန်သွယ်မှု အားသာချက်များရှိကြောင်း၊ အင်ဒိုနီးရှားနိုင်ငံက မြေနေရာနှင့် အလုပ်သမားများ ပံ့ပိုးပေးမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အိန္ဒိယ၌ ပြဒါးကို စည်းကမ်းမဲ့သုံးစွဲဟုဆို

နယူးဒေလီ ဇွန် ၂၆

အိန္ဒိယနိုင်ငံတွင် ပြဒါးကိုစည်းကမ်းမဲ့ သုံးစွဲသူ သန်းပေါင်းများစွာရှိကြောင်း၊ တရုတ်နိုင်ငံပြီးလျှင် အိန္ဒိယနိုင်ငံသည် ကမ္ဘာတွင် ပြဒါးသုံးစွဲမှု အများဆုံးနိုင်ငံဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က သောကြာနေ့တွင် ပြောကြားသည်။

ထုတ်ပြန်ကြေညာ

ပြဒါးသည် လူသားနှင့် တိရစ္ဆာန်တို့ကို ထိခိုက်မှုဖြစ်ပွားစေသည်ဟု ဖွံ့ဖြိုးပြီးနိုင်ငံများက ထုတ်ပြန်ကြေညာထားသည်။ အဆိပ်အတောက် သတ္တုဖြစ်သော ပြဒါးကို အိန္ဒိယနိုင်ငံတွင်းမှာပင် ရောင်းဝယ်ဖြန့်ဖြူးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ပျက်စီးစေနိုင်

ပြဒါးတွင် အဆိပ်အတောက်များ များစွာ ပါဝင်ပြီး ဦးနှောက်၊ အာရုံကြော အဖွဲ့အစည်းနှင့် သန္ဓေသား ဖွံ့ဖြိုးမှုတို့ကို ပျက်စီးစေနိုင်သည်။

အိန္ဒိယနိုင်ငံတွင် ပြဒါးကို စည်းကမ်းတကျသုံးစွဲရန် လိုအပ်ကြောင်း၊ အခြားသော နိုင်ငံများတွင်လည်း စည်းကမ်းတကျ သုံးစွဲလျက်ရှိကြောင်း ပတ်ဝန်းကျင်သိန်းသိမ်းရေးအဖွဲ့က ဖော်ပြထားသည်။

အမ်အင်အေ၊ ရိုက်တာ။

အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားဒေသ စံပြကျေးရွာတွင် အိမ်တွင်းမှုသင်တန်းသူ အမျိုးသမီးများ ဇာထိုးပန်းထိုး လေ့ကျင့်နေသည်ကို ဇွန် ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင်တောင်ပိုင်း၌ ဗုံးပေါက်ကွဲ

မနီလာ ဇွန် ၂၆

ဖိလစ်ပိုင်တောင်ပိုင်း လူများပြည့်ကျပ်နေသောဈေးတွင် သောကြာနေ့က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ငါးဦးသေဆုံးကြောင်း၊ ယင်းဗုံးသည် ပြည်နယ်အုပ်ချုပ်ရေးမှူးကို ဦးတည်တိုက်ခိုက်ခြင်းပင်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မာဂန်ဒါနာအိုပြည်နယ် အုပ်ချုပ်ရေးမှူး အန်ဒလ်အမ်ပါတန်၏ ယာဉ်တန်းသည် မင်ဒါနာအိုကျွန်းသို့ ခရီးထွက်လာစဉ် ဆာရက်ဖ်အာဂတ်ခ်မြို့ ဈေးအနီးမှဖြတ်သန်း မောင်းနှင်ချိန်တွင် ပေါက်ကွဲခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့နှင့် စစ်ဘက်ဆိုင်ရာတပ်ဖွဲ့မှ တာဝန်ရှိသူများက ပြောကြားသည်။

ပြည်နယ် အုပ်ချုပ်ရေးမှူးသည် အသက်အန္တရာယ်မှ လွတ်မြောက်ခဲ့ပြီး ယခုအခါ ၎င်း၏ နေအိမ်မှာပင်ရှိကြောင်း၊ သေဆုံးသူများတွင် ၎င်း၏ သက်တော်စောင့်များနှင့် ယခင်မြို့တော်ဝန်ဟောင်း တစ်ဦးပါဝင်ကြောင်း ပြည်နယ်ဦးစီးမှူး နိုရိယူနက်စ် သတင်းထောက်များကို ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အိန္ဒိယနိုင်ငံ မဟာနန္ဒာ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးဥယျာဉ်ရှိ ဆင်ရိုင်းများကို ဇွန် ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကွန်ဂိုနိုင်ငံတွင် တောဆင်ရိုင်းများ သိသိသာသာတိုးပွားလာ

ကင်ရှာဆာ ဇွန် ၂၆

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ဆယ်စုနှစ် တစ်စုကြာမျှ ပြည်တွင်းစစ်ဖြစ်ပွားခြင်းနှင့် ဆင်စွယ်ရယူလိုသော မုဆိုးများ၏ ဥပဒေမဲ့ ဖမ်းဆီးသတ်ဖြတ်မှုများမှ လွတ်မြောက်ခဲ့ပြီးနောက် တောဆင်ရိုင်းကောင်ရေ သိသိသာသာ တိုးပွားလာကြောင်း သိပ္ပံပညာရှင်များက ဇွန် ၂၃ ရက်တွင် ပြောကြားသည်။

ကောင်ရေတိုးပွား

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံရှိ ဗီရွန်ဂါအမျိုးသား ဥယျာဉ်တွင် မကြာသေးမီက တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေး စာရင်းကောက်ယူခဲ့ရာမှ ဆင်များသာမက အခြားသော တောရိုင်းတိရစ္ဆာန်များပါ ကောင်ရေတိုးပွားလာသည်ကို တွေ့ရှိရကြောင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အရေးယူ

ဗီရွန်ဂါ အမျိုးသားသစ်တောဥယျာဉ်မှ လုံခြုံရေးဝန်ထမ်းများသည် တောဆင်ရိုင်းများကို ခိုးဝှက်သတ်ဖြတ်သူများကို ထိထိရောက်ရောက် အရေးယူမှုများ ပြုလုပ်ခဲ့သည်။

ရာဂဏန်းမျှသာကျန်

ဗီရွန်ဂါ အမျိုးသားသစ်တောဥယျာဉ်ကို ၁၉၂၅ခုနှစ်တွင် ထူထောင်ခဲ့သည်။ ယင်းဥယျာဉ်သည် အာဖရိကတိုက်ရှိ အမျိုးသားဥယျာဉ်များအနက် သတ္တဝါမျိုးအစုံလင်ဆုံး ဥယျာဉ်ဖြစ်သည်။ ဗီရွန်ဂါသစ်တောဥယျာဉ်သည် တစ်ချိန်တစ်ခါက တောဆင်ရိုင်းများ အမြောက်အမြားရှိခဲ့သည့် ဒေသဖြစ်သည်။ ၁၉၆၀ ပြည့်လွန် နှစ်ကာလများအတွင်း တောဆင်ရိုင်းကောင်ရေ ၄၃၀၀ ရှိကြောင်း မှတ်တမ်းများအရ သိရှိရသည်။ သို့ရာတွင် ပြည်တွင်းစစ်ဖြစ်ပွားခြင်းနှင့် တောရိုင်း တိရစ္ဆာန်များ ခိုးဝှက် သတ်ဖြတ်ခံခဲ့ရခြင်းတို့ကြောင့် ဆင်ကောင်ရေ ကျဆင်းသွားခဲ့ရာ ၂၀၀၃ ခုနှစ်ဝန်းကျင်တွင် ဆင်ကောင်ရေ ရာဂဏန်းမျှသာ ကျန်ရှိတော့သည်။

အင်တာနက်။

ဂါဇာကမ်းမြောင်ဒေသသို့ အီဂျစ်မှ ဓာတ်အားထောက်ပံ့ပေးဖွယ်

ကိုင်ရို ဇွန် ၂၆

အီဂျစ်နှင့် ပါလက်စတိုင်း အမျိုးသားအာဏာပိုင်အဖွဲ့ (ပီအင်န်အေ)တို့ရရှိသော သဘောတူညီချက်အရ အီဂျစ်နိုင်ငံသည် ပါလက်စတိုင်းတို့၏ ဂါဇာကမ်းမြောင်ဒေသသို့ လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးနိုင်ဖွယ်ရှိကြောင်း အီဂျစ်နိုင်ငံပိုင် သတင်းဌာနဖြစ်သော မီနာက စနေနေ့တွင် သတင်းထုတ်ပြန်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

၂၀၀၆ခုနှစ် ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို

ဖွံ့ဖြိုးတိုးတက်လျက်ရှိသော မြန်မာအမျိုးသမီးများကဏ္ဍ

တက္ကသိုလ်မြမဥ္ဇူ

"ဤကမ္ဘာတွက်၊ ချလာမျိုးဆက်
လူသားတွက်တာ၊ ကျေပွန်ပါသော
မာတာမိန်းမသား၊ ကျေးဇူးများကို
မြတ်ဘုရားသော်မှ၊ ပေးဆပ်ရ၍
"လောကသား"တွင်၊ လူချင်းယှဉ်က
"မိခင်သည်သာမြတ်ဆုံးပါ"ဟု
သဒ္ဒါကြည်ညို၊ စာဖွဲ့ဆိုရ
အို ... မြတ်မိခင် ကျေးဇူးရှင်
လက်ခွင်စုံပူး ဦးခိုက်ဖူး
မိခင်များသို့ ရည်ရွယ်စူး။
နှမရင်မှာ ရွှင်ကြည်နူး။" (နုယဉ်)

မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်အင်အားရှိသည့် အမျိုးသမီးထုကြီး တစ်ရပ်လုံးကို ကိုယ်စားပြုဖော်ညွှန်းထားသော **"မြန်မာအမျိုးသမီးများနေ့ (ဇူလိုင်လ ၃ ရက်နေ့)"** ဆိုသည့် နေ့ထူးနေ့မြတ်ကြီးယခုကဲ့သို့ တင့်တင့်တယ်တယ် ပေါ်ထွန်းလာခြင်းသည် မြန်မာအမျိုးသမီးများ၏ လေးစားဂုဏ်ယူမြတ်နိုးဖွယ် ဂုဏ်ဒြပ်များ၊ ထူးချွန်ထက်မြက်သော စွမ်းဆောင်ရည်များ၊ မိမိအမျိုးအနွယ်ကို စောင့်ရှောက်ထိန်းသိမ်း မြှင့်တင်လျက်ရှိသည့် အစဉ်အလာကောင်းများ စသည့် ကောင်းမြတ်သော ဂုဏ်ရည်များ ပေါ်လွင်ထင်ရှားအောင် ဂုဏ်ပြုလိုက်ခြင်းပင်ဖြစ်သည်။

မြန်မာသမိုင်းစဉ်တစ်လျှောက် အမျိုးသားရေး ကြိုးပမ်းဆောင်ရွက်မှုတိုင်းတွင် ထိုက်တန်သောနေရာမှ ထူးထူးချွန်ချွန် စွန့်စွန့်စားစားပါဝင်ဆောင်ရွက်ခဲ့သည့် မောင်တစ်ထမ်းမယ်တစ်ရွက် မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍကို နိုင်ငံတော်က အသိအမှတ်ပြုထားသည်။ အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားရေး စွမ်းအားစုတစ်ရပ်အဖြစ် ပီပီပြင်ပြင်ဖြစ်ထွန်းလာပြီး နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းစွမ်းဆောင်မှုများ၌ ထိုက်တန်သောနေရာမှ ပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်စေရေးအတွက် အလေးအနက်ထား စီမံဆောင်ရွက် အားပေးမြှင့်တင်လျက်ရှိသော နိုင်ငံတော်၏စေတနာပင်ဖြစ်သည်။

အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလျက်ရှိသော မြန်မာအမျိုးသမီးများအတွက် ဘက်စုံ ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်စေမည့် ရေခံမြေခံကောင်း၊ အခြေခံကောင်းများ မြန်မာ့လူ့ဘောင် အဖွဲ့အစည်းတွင် ရှိထားပြီးဖြစ်ခြင်းကြောင့်လည်းကောင်း၊ နိုင်ငံတော်အစိုးရက အခွင့်အလမ်း ကောင်းများ ထပ်လောင်းအားဖြည့်ပေးထား၍ လည်းကောင်း မြန်မာအမျိုးသမီးဖြစ်ရခြင်းသည် အလွန်ကံကောင်းသည်ဟု ဆိုရပါမည်။

မြန်မာအမျိုးသမီးများသည် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် ကဏ္ဍစုံတွင် အမျိုးသားများနှင့် ဒိုးတူပေါင်ဖက် တန်းတူရည်တူ အခွင့်အရေးရရှိခဲ့ကြသည်။ မြန်မာ့ လူ့ဘောင်အဖွဲ့အစည်းတွင် အမျိုးသားများနှင့် အမျိုးသမီးများအကြား အပြန်အလှန်နားလည် စာနာမှု၊ အပြန်အလှန်အလေးဂရုပြုလေးစားမှု၊ အပြန်အလှန်နေရာပေးအလေးထားမှု စသည့် အခြေခံကောင်းများလည်း အခိုင်အမာဖြစ်ထွန်းလျက်ရှိသည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းသည် လူပုဂ္ဂိုလ်တစ်ဦးချင်းကို အခြေခံပြီး ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ မိခင်နှင့်ဖခင်၊ သမီးနှင့်သားတို့ ရာသက်တိုင် ရိုးမြေကျပါဝင်သောမိသားစုကို အခြေခံပြီး ဖွဲ့စည်းဖြစ်တည်နေသဖြင့် မိသားစုအတွင်းတွင် မိခင်ဖြစ်သူသည် ဖခင်နှင့်တန်းတူ စီးတဲ့ရေ ဆည်တဲ့ကန်သင်း စီမံခန့်ခွဲနိုင်မှု အခွင့်၊ အရေးရှိထားပေသည်။

အမျိုးသားများနှင့် တန်းတူရည်တူအခွင့်အလမ်းရရှိနေသော မြန်မာ့လူ့ဘောင်တွင် မြန်မာအမျိုးသမီးများသည် အမျိုးသမီးအခွင့်အရေးများကို မွေးရာပါ အခွင့်အရေးများအဖြစ် ရရှိခံစားနေရပြီးဖြစ်ခြင်းကြောင့် နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူမဆုံးဖွယ်လည်း ဖြစ်နေပါသည်။

ယင်းကဲ့သို့ မြန်မာအမျိုးသမီးများ၏ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ရရှိခံစားချက်များ၊ ဆက်လက်ကြိုးပမ်းချက်များကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပီပီပြင်ပြင် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်စေရန် နိုင်ငံတော်က ကြိုးပမ်းဖော်ဆောင်ပေးနေသကဲ့သို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် မြန်မာအမျိုးသမီးထုကြီးက အားကြိုးမာန်တက် ကြိုးပမ်းလျက်ရှိပါသည်။

"အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ
မိစ္ဆာကြင်ရှောင်၊ လျော်အောင်ဖြန့်ချိ
ပျင်းရိမမူ၊ ဝတ်ငါးဆူ
အိမ်သူကျင့်ဖို့ရာ။ ။ (သိင်္ဂါလောဝါဒသုတ်)

နှစ်ပေါင်းထောင်ချီပြီး အဓွန့်ရှည်တည်တံ့လာခဲ့သည့် မြန်မာ့သမိုင်းစဉ်တစ်လျှောက် နိုင်ငံတော်နှင့် လူမျိုးအကျိုးစီးပွားကို သယ်ပိုးထမ်းဆောင်ရာတွင်လည်းကောင်း မြန်မာ့လူ့ဘောင် ရှင်သန်ဖွံ့ဖြိုး တိုးတက်မှုကို ဆောင်ကြဉ်းပေးရာတွင်လည်းကောင်း၊ နောင်တစ်ခေတ်၏ မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးရာတွင်လည်းကောင်း၊ သမိုင်းပေးတာဝန်အရပ်ရပ်ကို ကျေပွန်စွာ ထမ်းဆောင်ရာတွင်လည်းကောင်း မြန်မာအမျိုးသမီးများသည် ကျရာအခန်းကဏ္ဍ အသီးသီးမှနေပြီး ဂုဏ်ရောင်ထွန်းပြောင်အောင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့မြင်ရမှာဖြစ်ပါသည်။

ဤကဲ့သို့ လေးစားဂုဏ်ယူဖွယ်ရာများဖြင့် ပြည့်စုံလှသည့် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ ထူးခြားကောင်းမြတ်သည့် ဂုဏ်ရည်တို့ကို ဂုဏ်ပြုတင်စားပြီး **"မြန်မာအမျိုးသမီးများနေ့"**အဖြစ် ထိုက်တန်စွာ မော်ကွန်းကမ္ပည်းရေးထိုးနိုင်ခြင်းသည် မြန်မာအမျိုးသမီးတိုင်းအတွက် အထူးဂုဏ်ယူဖွယ်ဖြစ်ပါသည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် **"အမျိုးသမီး"**ဆိုသည့် ဂုဏ်ပုဒ်သည် ပင်ကိုအားဖြင့် ထူးခြားသည့် ကိုယ်ပိုင်ဂုဏ်ဒြပ်ရှိနေသည့်အတွက် အမျိုးသမီးတိုင်းကို တန်းတူရည်တူ ထိုက်တန်သည့် နေရာပေးဆက်ဆံလေ့ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းခဲ့သော ရည်ရွယ်ချက်များမှာ–

(၁) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အမျိုးသမီးများ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်။

(၂) အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်။

(၃) အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်။

(၄) တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုထုံးစံများကို ပိုမိုမြတ်နိုး တန်ဖိုးထားသည့်စိတ်ဓာတ် မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်။

(၅) အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(၆) အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု လျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ် အသွင်ဖြင့် ဆောင်ရွက်နိုင်ရန်။

(၇) အမျိုးသမီးများ၏အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်

ဆိုသည့်အချက်များကို သတ်မှတ်ဖော်ပြထားပါသည်။

အမျိုးသမီးထုအနေဖြင့် အထက်ပါ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် တက်ညီလက်ညီ ကြိုးပမ်း အကောင်အထည်ဖော်သွားကြရမည်ဖြစ်ပါသည်။

မြန်မာ့သမိုင်းကြောင်းကို ပြန်ကြည့်လျှင် အမျိုးသမီးထုကြီးသည် အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အရေးများ ပွင့်လန်းဝေဖျံ့ ရရှိခံစားကြရုံသာမက **"မောင်တစ်ထမ်း မယ်တစ်ရွက်"** သဘောထားနှင့်အညီ နိုင်ငံနှင့်လူမျိုးအကျိုး၊ မြန်မာ့လူ့ဘောင်၏အကျိုးကို မိသားစုစိတ်ဓာတ်ဖြင့် ရှေးအစဉ်အဆက်ကတည်းက ဒိုးတူပေါင်ဖက်သယ်ပိုးဆောင်ရွက်လာခဲ့ကြသူများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့်အတွက် နိုင်ငံအဝန်း ဖြန့်ကြက်လွှမ်းခြုံနိုင်အောင်အဆင့်ဆင့်သော အဖွဲ့အစည်းများအဖြစ် ဖွဲ့စည်းထားရှိပါသည်။ အဖွဲ့ချုပ်သည် အမျိုးသမီးများ၏ အရေးအရာ ကိစ္စများကိုသာမက နိုင်ငံတော်၏ အမျိုးသားရေး၊ လူမှုရေးလုပ်ငန်းများ၌ စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်လျက်ရှိကြပါသည်။

ပညာရည်ပြည့်ဝနှလုံးလှသည့် မြန်မာအမျိုးသမီးများ၊ "စောင့်လေမျိုးနွယ်" ဆိုသည့်အတိုင်း မိမိအမျိုးဂုဏ်ဒြပ်ကို အသက်နှင့် ထပ်တူထပ်မျှ စောင့်ထိန်းလိုက်နာခဲ့ကြသည့် မြန်မာအမျိုးသမီးများ၊ နိုင်ငံ့လက်ရုံး၊ နိုင်ငံ့ပခုံးများအဖြစ် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ခဲ့သည့် မြန်မာအမျိုးသမီးများသည် ခေတ်အဆက်ဆက်၌ ရာဇဝင်တွင်လောက်အောင် ထွန်းတောက်ကျော်ကြားအထင်အရှားရှိခဲ့ပါသည်။

မြန်မာနိုင်ငံ၌ လူဦးရေ ၅၄ သန်းကျော်ရှိသည့်အနက် အမျိုးသမီးဦးရေသည် နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်၊ ရာခိုင်နှုန်းအားဖြင့် ၅၀ ဒသမ ၃ ရာခိုင်နှုန်း၊ ဦးရေအားဖြင့် ၂၇ သန်းကျော်ရှိနေကြောင်း၊ မြန်မာ နိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်သည် မိမိနိုင်ငံရှိ အမျိုးသမီးထုတစ်ရပ်လုံးကို ကိုယ်စားပြုပြီး စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နေခြင်းကြောင့် အဖွဲ့ချုပ် စတင်ဖွဲ့စည်းချိန်မှစ၍ ယနေ့အထိ အဖွဲ့ဝင်ပေါင်း ၂ ဒသမ ၅၆ သန်းကျော် ဝင်ရောက်ခဲ့ပြီးဖြစ်သည့်အပြင် နောက်ထပ်အဖွဲ့ဝင်သစ်များလည်း ဆက်လက်ဝင်ရောက်နေကြဆဲဖြစ်သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ချမှတ်ထားသည့် ရည်ရွယ်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နိုင်ငံတော်၏ အမျိုးသားရေး အကျိုးစီးပွားစစ်စစ်ကိုသာ ရှေးရှု ပြီး သတ်မှတ်ချမှတ်ထားသည့် အခြေခံမူများနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ လိုက်နာဆောင်ရွက်ရန် ချမှတ်ထားသည့် အခြေခံမူများမှာ (၁)ဒို့တာဝန်အရေးသုံးပါးကို အခြေခံ၍ တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာဖြင့် မိမိအမျိုးသားရေးသက်သက်ကိုသာ ဆောင်ရွက်မည်ဆိုသည့် **"အမျိုးသားရေးဆိုင်ရာ အခြေခံမူ"**၊ (၂)ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အလေးအနက်ထားဆောင်ရွက်မည်ဆိုသည့် **"တိုင်းရင်းသားရေးဆိုင်ရာ အခြေခံမူ"**၊ (၃)ရပ်ရွာအေးချမ်းသာယာရေး၊ စားဝတ်နေရေး၊ သက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဆိုသည့် **"လူမှုရေးဆိုင်ရာ အခြေခံမူ"**၊ (၄)အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်မည်ဆိုသည့် **"အမျိုးသမီးရေးရာအခြေခံမူ"**များပင် ဖြစ်ကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့်အတွက် နိုင်ငံအဝန်း ဖြန့်ကြက်လွှမ်းခြုံနိုင်အောင် အဆင့်ဆင့်သော အဖွဲ့အစည်းများအဖြစ် ဖွဲ့စည်းထားရှိပါသည်။ အဖွဲ့ချုပ်သည် အမျိုးသမီးများ၏ အရေးအရာကိစ္စများကိုသာမက နိုင်ငံတော်၏ အမျိုးသားရေး၊ လူမှုရေးလုပ်ငန်းများ၌ စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်လျက်ရှိကြပါသည်။ ထို့ကြောင့် လူမှုရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ထက်သန်မြင့်မားကြသည့် မြန်မာတိုင်းရင်းသား အမျိုးသမီးတိုင်း အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရပြီး နိုင်ငံ့အကျိုးသယ်ပိုးဆောင်ရွက်ခွင့်ရရှိနိုင်သည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော အမျိုးသမီးရေးရာအဖွဲ့ကြီးဖြစ်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသည် မြန်မာအမျိုးသမီးများအနေဖြင့် ရရှိထားပြီးဖြစ်သည့် အမျိုးသမီးအခွင့်အရေးများ ပြည့်ပြည့်ဝဝရရှိခံစားနိုင်စေရေး၊ ခေတ်ကာလနှင့်အညီ အမျိုးသမီးအခွင့်အရေးများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို နယ်ပယ်စုံ၊ ကဏ္ဍစုံ၌ ဆက်လက်တိုးပွားဖြစ်ထွန်းရေးတို့အတွက် ဦးဆောင်ဦးရွက်ပြုသွားရမည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် စတင်ဖွဲ့စည်းပေးခဲ့ပါသည်။ ၁၉၉၈ ခုနှစ်တွင် **"အမျိုးသမီးရေးရာကော်မတီ"** စတင် ဖွဲ့စည်းခဲ့သည့် ဇူလိုင်လ ၃ ရက်နေ့ကို **"မြန်မာအမျိုးသမီးများနေ့"**အဖြစ် နိုင်ငံတော်အစိုးရက သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။

မြန်မာအမျိုးသမီးများကိုယ်တိုင် အမျိုးသမီးကဏ္ဍ ပိုမိုမြင့်မားတိုးတက်အောင်ဆောင်ရွက်ရင်း နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ရန် မွန်မြတ်မြင့်မားသည့် ရည်ရွယ်ချက်များဖြင့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို စတင်ဖွဲ့စည်းတည်ထောင်ခွင့် ပြုခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးအနေဖြင့် မြန်မာအမျိုးသမီးများကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရင်း မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာမှာလည်း တစ်စိတ်တည်း၊ တစ်ဝမ်းတည်း၊ တစ်သွေးတည်း၊ တစ်သားတည်း စုစည်းညီညွတ်စွာ ပါဝင်ပူးပေါင်းဆောင်ရွက်သွားနိုင်အောင် တက်တက်ကြွကြွ ဦးဆောင်ဦးရွက်ပြုကာ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၆ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြိုလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)ခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၆ခုနှစ် ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ သူနာပြုသိပ္ပံ(ပုံမှန်) ပထမနှစ် ကျောင်းသူ မသဲနှင်းစိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်နှင့် ဗဟို အလုပ်အမှုဆောင်များ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သူနာပြုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ရန်ကုန် အနောက်ပိုင်းခရိုင်ရှိ ခရိုင်နှင့် မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုတက္ကသိုလ်(ရန်ကုန်)မှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ဒေါ်စောမုံညင်းက ဆောင်ရွက်ပြီး ကျပန်းစကားပြောပြိုင်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များအဖြစ် ဒေါက်တာမတင်ဝင်း၊ ဒေါ်ချိုချိုတင်(မစန္ဒာ)၊ ဆေးတက္ကသိုလ် (၂) ပါမောက္ခချုပ် ဒေါက်တာသန်းနုရွှေ၊ မြန်မာစာဌာန အငြိမ်းစားပါမောက္ခ ဒေါ်မြမြဝင်း၊ အရှေ့တိုင်းပညာ ဌာန အငြိမ်းစားပါမောက္ခ ဒေါ်ခင်သိန်း၊ မီးယပ်နှင့် သားဖွားပညာဌာန ပါမောက္ခ ဒေါက်တာဒေါ်ဝင်းဝင်းမြနှင့် အဝေးသင်တက္ကသိုလ် သမိုင်းပညာဌာန ပါမောက္ခ ဒေါ်မိုမိုသန့်တို့က ဆောင်ရွက်ကြသည်။

ထို့နောက် ပြိုင်ပွဲဝင်များဖြစ်ကြသော သူနာပြုတက္ကသိုလ်(ရန်ကုန်)မှ သူနာပြုသိပ္ပံ(ပုံမှန်)ပထမနှစ် ကျောင်းသူ မမေချိုဇင်က **"ပုခက်လွှဲသော လက်သည် ကမ္ဘာကို စိုးမိုး၏"** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ သူနာပြုသိပ္ပံ(ပုံမှန်) ပထမနှစ် ကျောင်းသူ မသဲနှင်းစိုးက **"ဂုဏ်ရည်ဝင့်ကြွား၊ မြန်မာအမျိုးသမီးများ"** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ သူနာပြုသိပ္ပံ(ပုံမှန်)ပထမနှစ် ကျောင်းသူ မအိသန္တာဝင်းစုက **"မိန်းမတို့ ဏ္ဍရွှေ၊ ရွှေပေးလို့မရ"** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ သူနာပြုသိပ္ပံ(ပုံမှန်)ဒုတိယနှစ် ကျောင်းသူ မဇင်မိမိက **"ထူးခြားထက်မြက်သော မြန်မာအမျိုးသမီးများ"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သူနာပြုသိပ္ပံ (ပုံမှန်) ဒုတိယနှစ် ကျောင်းသူ မနန်းခမ်းလင်းက **"ယဉ်ကျေးလိမ္မာ မြန်မာအမျိုးသမီးတို့၏ အစဉ်အလာ"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သူနာပြုသိပ္ပံ(ပုံမှန်) ဒုတိယနှစ် ကျောင်းသူ မခင်လဲ့လဲ့ဝင်းက **"မြန်မာ အမျိုးသမီးတို့၏ တန်ဖိုးနှင့် စွမ်းဆောင်ရည်"** ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီး ပြိုင်ပွဲဝင် ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ သူနာပြုသိပ္ပံ(ပုံမှန်) စတုတ္ထနှစ် ကျောင်းသူလေးများက **"စည်းလုံးခြင်းအတွက်သီချင်းတစ်ပုဒ်"** တေးသီချင်းဖြင့် ကပြဖျော်ဖြေ ကြပြီး သူနာပြုသိပ္ပံ(ပေါင်းကူး) ပထမနှစ် ကျောင်းသူလေးများက တေးသံရှင် အယ်လ်ခွန်းရီ၏ **"အင်အားသစ်များနှင့်အတူ"** မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က ပထမဆုရ သူနာပြုသိပ္ပံ(ပုံမှန်)ပထမနှစ်ကျောင်းသူ မသဲနှင်းစိုး၊ ဒုတိယဆုရ သူနာပြုသိပ္ပံ(ပုံမှန်) ဒုတိယနှစ်ကျောင်းသူ မဇင်မိမိနှင့် တတိယဆုရ သူနာပြုသိပ္ပံ(ပုံမှန်)ဒုတိယနှစ် ကျောင်းသူ မနန်းခမ်းလင်း တို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေး အဖွဲ့ခေါင်းဆောင် ဒေါ်နီနီဝင်းက နှစ်သိမ့်ဆုရရှိသူများအား ဆုများချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်မှ ရွှေမန်းသူယာဉ်များဖြင့်ပြေးဆွဲမည့် မကွေး-မင်းဘူး-အမ်း မော်တော်ယာဉ် လိုင်းသစ်ဖွင့်ပွဲကို ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီးမျိုးမြင့် တက်ရောက်၍ ရွှေမန်းသူယာဉ်လိုင်းဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးသိန်းထွန်းဝင်းနှင့် မကွေးမြို့မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးအသင်းဥက္ကဋ္ဌ ဦးအေးကိုတို့ ဇွန် ၂၀ရက်တွင် ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့

၂၀၀၆ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2006

အမျိုးသမီးရေးရာ စေတနာ

✡ **အမျိုးသမီးရေးရာ ပြည်မြန်မာ၌**
ကြီးစွာကျိုးပြု၊ အမျိုးသမီးထုကို
ပြုစုပျိုးထောင်၊ မြေတောင်မြှောက်၍
စောင့်ရှောက်ပြုပြင်၊ ပညာသင်စေ
အဆင်ပြေရေး၊ ကူညီပေးလျက်။

✡ **ဘဝပျက်လမ်း၊ လက်တစ်ကမ်းဝယ်**
အန္တရာယ်ဘေး၊ ကယ်ဆယ်ပေး၍
နွေးထွေးတူမျှ၊ အမျိုးသမီးဘဝကို
လှပစေတာ၊ စေတနာမို့
မြန်မာအမျိုးသမီးကဏ္ဍ မြှင့်တင်ဖို့။
မြန်မာအမျိုးသမီးနေ့ကို ကြိုဆိုစို့။ ။

[၂၀၀၆ ခုနှစ်၊ ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်]

နန်းမွန်ဟိန်း

ပေါက်တောမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇွန် ၂၇

ဆဋ္ဌမအကြိမ်မြောက် ပေါက်တောမြို့နယ်အသင်း သင်းလုံးကျွတ်အစည်းအဝေးတွင် မြို့နယ်ဖွား ကျောင်းထိုင်ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ အသင်းဝင် အသက်(၇၅)နှစ်ပြည့် မိဘများအား ပူဇော်ပွဲနှင့် ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသူ၊ ကျောင်းသားများအား ဂုဏ်ပြုပွဲကို ဇူလိုင် ၁ရက်(စနေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဦးထောင်ဘိုလမ်း ဧည့ဝတီ သာသနာ့ပြုကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်လိုသူများ၊ အသင်းဝင်များ၊ မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြရန်နှင့် ဦးမြသာ ဖုန်း-၃၇၃၃၇၃၊ ဦးသံဝေရ ဖုန်း-၂၄၈၀၄၅ ထံ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၆-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။	မျိုးချစ်တပ်မတော်
၅:၁၀	၆။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀	၇။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	မိုးလေဝသသတင်း
၆:၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ" (အပိုင်း-၃၀)**
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	English Usage
	၁၉။	ဗွီစီဒီကျော်ကြားတေးများ
	၂၀။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မြိုင်ယောဝန်ကသိုင်းလုလင် (ဒု-တွဲ) (အပိုင်း-၂)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဇွန် ၂၇

ကိုစိုး(ခ) ကိုအောင်ငွေးလှိုင် (စန်းသော်တာ Co., Ltd.)သည် သန်လျင်ဂေါက်ကလပ်၌ ဇွန် ၂၅ရက် မွန်းလွဲ ၂နာရီတွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၅)သို့ ၁၂၉ကိုက်အကွာမှ Srixon No(1) ဘောလုံးကို Collaway Iron(8) တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့သည်။ ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးကျော်ဒွန်း၊ ဦးဇော်ထွန်း၊ ကိုညီညီတို့နှင့်အတူ ကစားခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ထိုင်းနိုင်ငံ ထိုင်းဘုရင့် ရေတပ်ဦးစီးချုပ် Commander in Chief Royal Thai Navy Admiral Satirapan Keyanonအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဧည့်ခန်းမ၌ ချစ်ကြည်ရေးခရီးစဉ်မှတ်တမ်း ဓာတ်ပုံအယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

ထိုင်းဘုရင့် ရေတပ်ဦးစီးချုပ်နှင့် ဇနီး ရွှေတိဂုံစေတီတော်နှင့် လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော် ဖူးမြော်

နေပြည်တော် ဇွန် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ် Commander in Chief Royal Thai Navy Admiral Satirapan Keyanon **နှင့် ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်သို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။**

ယင်းနောက် ဧည့်သည်တော်နှင့် အဖွဲ့ဝင်များသည် စေတီတော် ရင်ပြင်ရှိ အာရုံခံတန်ဆောင်း၌ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ဆီမီးနှင့် အမွှေးနံ့သာတိုင်များ ကပ်လှူပူဇော်ကြပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကာ အလှူငွေများပေးအပ်လှူဒါန်းသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့် ရေတပ်ဦးစီးချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များ ကပ်လှူပူဇော်ကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့် ရေတပ်ဦးစီးချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် မင်းဓမ္မကုန်း ဆင်ဖြူတော်ဆောင်ရှိ ဆင်ဖြူတော်များကို သွားရောက်ကြည့်ရှု လေ့လာကြကြောင်းသိရသည်။ (သတင်းစဉ်)

ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ် Commander in Chief Royal Thai Navy Admiral Satirapan Keyanon **နှင့် ဇနီးနှင့်အဖွဲ့ဝင်များ လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်အတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

➪ ကာကွယ်ရေးဦးစီးချုပ်(ရေ)မှ

H.E. Mr. Suphot Dhivakaosal၊ စစ်သံမှူး Col. Prissapa Suvanatat နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းသို့ ပြန်လည်မထွက်ခွာမီ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမ၌ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ်အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

ယင်းနောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်ဇနီး၊ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ စမ်းချောင်းမြို့နယ် စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၂၆၁)၌ စက်သုံးဆီရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ကျိုက်ပိကျောင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ မဟာဗောဓိလမ်း၊ မဟာဓမ္မိကာရုံပရိယတ္တိစာသင်တိုက် (ကျိုက်ပိကျောင်း)၌ ဝါကပ်တော်မူကြမည့်ပဓာနနာယက ဘဒ္ဒန္တဂုဏောသန နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အမှူးပြုသော စာချ စာသင် သံဃာတော် အရှင်မြတ်၁၂၀ ကျော်တို့အား သာသနာ့အကျိုးတော်ဆောင်အဖွဲ့က ကြီးမှူးပြီး (ဝါဆိုလပြည့်နေ့) ဇူလိုင် ၉ရက် တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီ၊ ဆားစသော လှူဖွယ်ဝတ္ထုအစုစု စုပေါင်းကပ်လှူမည်ဖြစ်သည်။ (က–ပ)

❍ ဟာဘာယ်မှ

လျှပ်စစ်ဓာတ်အားရုတ်ခြည်းမြင့်တက်မှုကြောင့်ဖြစ်နိုင်ကြောင်း အာကာသအဝေးကြည့်မှန်ပြောင်းသိပ္ပံက ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။ အထူးကင်မရာချွတ်ယွင်းရသည့်အကြောင်းကို တိတိကျကျ သိရှိနိုင်ရန် စုံစမ်းဖော်ထုတ်သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင်ရေးသားထားသည်။

ဟာဘာယ်အာကာသအဝေးကြည့်မှန်ပြောင်းကို ၁၉၉၀ ပြည့်နှစ်တွင် နာဆာအဖွဲ့က အာကာသအတွင်း လွှတ်တင်ထားရှိခဲ့ရာ ယခုအခါ သက်တမ်း ၁၆ နှစ် ရှိပြီဖြစ်သည်။

ဟာဘာယ်အာကာသအဝေးကြည့်မှန်ပြောင်းရှိ လက်ရှိအထူးကင်မရာများကို ၂၀၀၂ ခုနှစ်က အမေရိကန် အာကာသလွန်းပြန်ယာဉ်ဖြစ်သော ကိုလံဘီယာလွန်းပြန်ယာဉ်၏ မစ်ရှင်ခရီးစဉ်အတွင်း အာကာသယာဉ်မှူးများက တပ်ဆင်ခဲ့ကြသည်။

နာဆာအဖွဲ့သည် ၁၉၉၃ ခုနှစ်၊ ၁၉၉၇ ခုနှစ်နှင့် ၁၉၉၉ ခုနှစ်တို့တွင်လည်း အာကာသ အဝေးကြည့်မှန်ပြောင်းကို ပြင်ဆင်မှုများပြုလုပ်ခဲ့သည်။

ဟာဘာယ်အဝေးကြည့်မှန်ပြောင်းအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို လုပ်ဆောင်ရန် လိုအပ်လျက်ရှိသည်။ အဆိုပါမှန်ပြောင်း လှုပ်ရှားမှုမရှိအောင်ထိန်းပေးသည့်ကိရိယာသစ်နှင့် ဘက်ထရီအိုးသစ်များကို လဲလှယ်ပေးရန် လိုအပ်ကြောင်း၊ ယင်းသို့ လုပ်ဆောင်ခြင်းမရှိပါက ၂၀၀၇ ခုနှစ် သို့မဟုတ် ၂၀၀၈ ခုနှစ်အရောက်တွင် ယင်းမှန်ပြောင်း၏ ပုံရိပ်ဖော်ပေးနိုင်မှုစွမ်းပကား ကျဆင်းသွားမည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်တစ်ဦးက ပြောကြားသည်။ **အင်တာနက်။**

ရန်ကုန်မြို့ရှိ စက်သုံးဆီ အရောင်းဆိုင်များ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်တင်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၅ ရက်တွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်းထောင့်ရှိ စက်သုံးဆီအရောင်းဆိုင် အမှတ် (၀၂၆၁)၊ ဒဂုံမြို့နယ် ဦးဝိစာရလမ်းပေါ်ရှိ ဆိုင်အမှတ်(၀၂၁၉)၊ ဗဟန်း မြို့နယ် ဦးဝိစာရလမ်းပေါ်ရှိ ဆိုင်အမှတ်(၀၂၂၁)တို့သို့ သွားရောက်ပြီး စက်သုံးဆီအချင်အတွယ်နှင့် စက်သုံးဆီ ဖြန့်ဖြူးရောင်းချနေမှု အခြေအနေတို့ကို လည်းကောင်း၊ စက်သုံးဆီသိုလှောင်ထားရှိမှု၊ လုံခြုံရေးတာဝန်ချထားမှုနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လည်းကောင်းကြည့်ရှုစစ်ဆေးကာ လုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် အလှည့်ကျစနစ်ဖြင့် တာဝန်ချထားရေး၊ အများပြည်သူတို့နှင့် ဆက်ဆံရေးပြေပြစ်ကောင်းမွန်စေရေး၊ စက်သုံးဆီအချင်အတွယ်မှန်ကန်စေရေး၊ စက်သုံးဆီ အချင်အတွယ်နှင့် ပတ်သက်၍အများပြည်သူတို့ နစ်နာဆုံးရှုံးမှုမရှိစေရေး အထူးဂရုစိုက်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက်ဝန်ကြီးသည် စက်သုံးဆီလာရောက် ထုတ်ယူနေကြသော မော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့သည်။ (သတင်းစဉ်)

ကွန်ပျူတာအခြေခံနှင့်မွမ်းမံသင်တန်းဖွင့်

နေပြည်တော် ဇွန် ၂၇

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနက ကြီးမှူး ဖွင့်လှစ်သော ကွန်ပျူတာအခြေခံသင်တန်း (၁/၂၀၀၆–၂၀၀၇) (အချိန်ပြည့်)နှင့် ကွန်ပျူတာမွမ်းမံသင်တန်း (၁/၂၀၀၆–၂၀၀၇)(အချိန်ပိုင်း)သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရေဆင်းသစ်တောသုတေသနဌာန စုဝေးခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဧည့်သည်တော်များ၊ သင်တန်းဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက် ကြသည်။

ရှေးဦးစွာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဆွေက သင်တန်းဆိုင်ရာ အချက်အလက်များနှင့်စည်းမျဉ်း စည်းကမ်းများကိုပြောကြားပြီး သင်တန်းဖွင့်ပွဲကို ရုပ်သိမ်းလိုက်သည်။

သင်တန်းကို ရက်သတ္တခြောက်ပတ် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းသို့ သစ်တောရေးရာဝန်ကြီးဌာနမှ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်လျက်ရှိကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့
စာတုတ္ထအကြိမ်ညီလာခံ ၂၀၀၆ခုနှစ်
ဇူလိုင်လ(၁)ရက်မှ(၂)ရက်
ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း
ရန်ကုန်မြို့

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲ တက်ရောက်မှာကြား

ရန်ကုန် ဇွန် ၂၇

ပို့ဆောင်ရေးဝန်ကြီးဌာန ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၂၅ရက်တွင် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၏ ဧက ၁၀၀ စံပြစိုက်ခင်း၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်း၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေမန်နေဂျာနှင့် ဒုတိယအထွေထွေမန်နေဂျာများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ တာဝန်ရှိသူများ၊ ဧည့်သည်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် လေဆိပ်ဝန်ထမ်းများ၊ လေဆိပ်အနီးရှိ ကျေးရွာများမှ ကျေးရွာပြည်သူလူထု ၁၂၀၀ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်ခန်းမဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် တာဝန်ရှိသူများအား မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ် အထွေထွေမန်နေဂျာ ဦးဘုန်းမြင့်ဆွေက လေဆိပ်ဝန်းကျင်နယ်မြေအတွင်း စိုက်ပျိုးရန် လျာထားဧက၊ စိုက်ပျိုးပြီးစီးသည့် ဧက၊ ဆက်လက်စိုက်ပျိုးရန် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင်နယ်မြေအတွင်းရှိ မြေလွတ်မြေရိုင်း ဧရိယာများကို ဖော်ထုတ်ပြီး အကျိုးရှိရှိ အသုံးချသွားနိုင်ရေးအတွက် ယခုကဲ့သို့ ခြံစည်းရိုးကြက်ဆူပင်များကို တိုးချဲ့စိုက်ပျိုးနေခြင်းဖြစ်ကြောင်း၊ တစ်ဖက်မှလည်း ဝန်ထမ်းမိသားစုများ၏ ဝင်ငွေတိုးတက်ရရှိလာတော့မည်ဖြစ်ကြောင်း၊ ဆက်လက်တိုးချဲ့စိုက်ပျိုးသွားနိုင်ရေးနှင့် စိုက်ပျိုးထားပြီး အပင်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းသွားနိုင်ရေးတို့ကို မှာကြားကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့က ခြံစည်းရိုး ကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာ အကြီးအကဲများ၊ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဝန်ထမ်းများ၊ တံတားဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် လေဆိပ်အနီးရှိ ကျေးရွာပြည်သူလူထုများသည် စုစုပေါင်း စိုက်ပျိုးမြေ ဧက ၁၀၀၌ ခြံစည်းရိုး ကြက်ဆူပင် ၇၂၀၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေကွက်သစ် ဝယ်ယူရန်အတွက် ဒေါ်ညွှန့်ညွှန့်ခင် ရန်ကုန်မြို့၊ ဗိုလ်ချုပ်ဈေး အနောက်ဘက်တန်း မြပိုးထည်တိုက် မောင့်ကျက်သရေ ခေါင်းပေါင်းမိသားစုက အလှူငွေကျပ် နှစ်သိန်းကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)ရှေ့မှောက်၌ တာဝန်ခံ ဦးလှမြင့်ထံ ဇွန် ၃ ရက်က ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၃)အမှတ်(၅)ဖြန့်

ရန်ကုန် ဇွန် ၂၇

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ ... အမှတ်(၅)ကို ယနေ့ထုတ်ဝေ ... လိုက်သည်။ **(အပေါ်ပုံ)**

အဆိုပါဂျာနယ်တွင် တက္ကသိုလ် ... မြတ်သူ၊ သျှင်ပညာဇောတ၊ ... အောင်၊ ခေတ္တရာဆရာ ... အောင်စိုး(တိ/ကု)ဆရာဝန် ... သား စာပေဆုရ၊ ကျော်ဇင် ... (တရားရုံးချုပ်ရှေ့နေ)၊ မောင် ... မာ (ရိုးပြတ်တော) တို့၏ ... ရသဆောင်းပါးများ၊ ဝတ္ထု ... ကဗျာ၊ ပြင်စည်အောင်(ခရာ ...) မိုးကျော်သူတို့၏ ကဗျာ ... မောင်မောင်စန်းလွင်၏ ကာ ... ဆြာစန်း၏ ဗေဒင်ကဏ္ဍ၊ H.I ... အင်္ဂလိပ်စကားပြော သင်ခန်း ... ကုန်ဈေးနှုန်းတို့ဖြင့် စုံလ ... ဖော်ပြပါရှိသည်။ (သတင်း ...)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၂၇

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ဌာနေကိုယ်စားလှယ်အဖြစ် ခန့်အပ်ရန်သဘောတူပြီးဖြစ်သော မစ္စတာ ရာမတ်(ရှ်) ... ယက်စ်သာသည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်းမသို့လာရောက်၍ ၎င်း၏ဌာနေကိုယ်စားလှယ် ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ပို့ဆောင်ရေး ဝန်ကြီးဌာန ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတွင် ခြံစည်းရိုး ကြက်ဆူပင်များကို ပေးအပ်စဉ်။

(ပို့ဆောင်ရေး)

ကျောက်စိမ်းအတွဲပေါင်း ၁၉၁၉တွဲ ရောင်းချရ ရတနာကုန်သည် ၂၃၆၅ဦး တက်ရောက်ဝယ်ယူ

ရန်ကုန် ဇွန် ၂၇

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ နာယက၊သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ... သနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမဆောင်၌ ပြည်တွင်း ပြည်ပရတနာကုန်သည်များအား ကျောက်စိမ်းအတွဲများ တင်ဒါစနစ်ဖြင့်ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တင်ဒါစနစ်ဖြင့်

၂၀၀၆ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ အစီအစဉ်အရ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်းရှိ ခန်းမဆောင်၌ ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ရောင်းချရာ ညနေ ၄ နာရီအထိ ကျောက်စိမ်းအတွဲပေါင်း ၆၇၂ တွဲကို ရောင်းချရသည်။ အထူးရတနာရောင်းချပွဲတွင် ကျောက်စိမ်းအတွဲများကို ဇွန်၂၄ရက်မှ ယနေ့အထိ တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ လေးရက်အတွင်း ကျောက်စိမ်းအတွဲပေါင်း ၁၉၁၉တွဲကို ရောင်းချခဲ့ရသည်။

ကျန်ရှိသော ကျောက်စိမ်းအတွဲပေါင်း ၃၅၉ တွဲကို ဇွန် ၂၈ ရက်မှ ဇူလိုင်၄ရက်အထိ ဈေးပြိုင်စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

၂၀၀၆ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲသို့ ဇွန် ၂၀ရက်မှ ယနေ့ညနေ ၄ နာရီအထိ ပြည်ပနိုင်ငံ ကိုးနိုင်ငံ၊ ကုမ္ပဏီ၃၉၆ခုမှ ရတနာကုန်သည်၁၄၆၀နှင့်ပြည်တွင်း ကုမ္ပဏီ ၃၈၁ ခုမှ နိုင်ငံသား ရတနာကုန်သည် ၉၀၅ဦး စုစုပေါင်းပြည်တွင်း ပြည်ပမှ ရတနာ ကုန်သည် ၂၃၆၅ဦး ရောက်ရှိဝယ်ယူနေကြသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၆-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀ MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅ မေးကြည့်ဖြေကြည့်ပဟေဠိ
၇း၂၅ တေးဂီတအစီအစဉ်
၇း၃၀ ကောင်းမွန်စွာစားသုံးဖို့ မြေပဲယိုနှမ်းယိုပြုလုပ်စို့
၇း၄၀ နိုင်ငံတကာ သတင်းအကျဉ်း
၇း၄၅ တေးဂီတအစီအစဉ်
၇း၅၀ နိုင်ငံတကာအနုပညာရေးရာ (ဇင်အောင်အောင်၊ ဆုမြတ်မွန်)
၈း၁၅ တေးဂီတအစီအစဉ်
၈း၂၀ ကုသပညာပေး ကျေးလက်လူထု သွားကျန်းမာရေး
၈း၃၀ တေးဂီတအစီအစဉ်
၈း၃၅ ပြည်တွင်းသတင်းအကျဉ်း
၈း၄၅ တေးဂီတအစီအစဉ်
၈း၅၀ လေလှိုင်းတိတ်ဆိတ် ခြင်းကိုဖြိုခွင်းဂီတ ညနေခင်း(အပိုင်း-၁)
၉း၂၀ မိုးလေဝသခန့်မှန်းချက်
၉း၂၅ ငွေကြယ်ပွင့်တို့ရဲ့ ဖြစ်တည်မှု (ရေဗက္ကာဝင်းနှင့် သူ၏အနုပညာခရီးလမ်း)
၁၀း၂၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (မော်ဒန်အချစ်များ)
၁၀း၄၀ တေးဂီတအစီအစဉ်
၁၀း၄၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၅၀ အဏ္ဏဝါထဲမှရတနာ (ကဏန်းပျော့)
၁၁း၀၀ တေးဂီတအစီအစဉ်
၁၁း၀၅ ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅ Myanmar Video Rhythm
၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး အတွက် ကျီတော် ရပ်ကွက်အတွင်း အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်းပြီးခြင်ဆေးဖျန်းခြင်းဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈-၆-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ အတီးပြိုင်ပွဲ
၈း၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၀ ၇။ အဆိုပြိုင်ပွဲ
၈း၂၀ ၈။ ပမ္မဝတီတံတား(မြင်းကဆိပ်)
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Let's Go.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ Practice In Reading
၄း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၅း၁၅ ၆။ အတီးပြိုင်ပွဲ
၅း၂၀ ၇။ သီချင်းကြီးပဒေသာ
၅း၃၀ ၈။ မြန်မာစာ၊မြန်မာစကား
၅း၄၀ ၉။ **"တန်ဖိုး" (ညီညီနေနိုင်၊ လှိုင်ဖြူဖြူ ...) (ဒါရိုက်တာ-သက်တင်)**
၅း၄၅ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီ ...
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၀၅ ၁၄။ **"လှေကားသုံးထစ် ဆင်းတဲ့အခါ" (အရိုင်း၊မင်းသူ၊အေးသီ ...) (ဒါရိုက်တာ-သိန်းဟန်- ...)**
၇း၂၀ ၁၅။ မြန်မာမှုပန်းဆယ်မျိုး(ပန်း ...
၇း၂၅ ၁၆။ ဝင့်ထည်တိုးပွား ဆားလင်းကြီးရဲ့စွမ်းအား ...
၇း၃၅ ၁၇။ ကြားမြင်သုတပြည့်ဝစေ ... စာပဒေသာ
၇း၄၅ ၁၈။ မြန်မာနိုင်ငံ အမျိုးသမီးရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်ပြပွဲ
၈း၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ **"လေဆန်ငှက်တို့ အိမ်အပြန်" (စုလှိုင်နှင်း၊ပပဝင်းခင်၊ သင်းသင်းယုလှိုင်) (ဒါရိုက်တာ- စင်ရော်မောင်မောင်)**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

ရထား ပို့ဆောင်ရေး ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ချင်းတွင်း မြစ်ကူး ဆင်ဖြူရှင် တံတား ကြံ့ခိုင်မှုကို ကြည့်ရှု စစ်ဆေးစဉ်။ (ရထား)

ပုံညာတောင်ဥမင်နှင့် ဥမင်အဝင်ရထားလမ်း ဖောက်လုပ်မှု ဝန်ကြီးဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်း လိုက်ပါ၍ ဇွန် ၂၃ ရက် မွန်းလွဲပိုင်းတွင် ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ ပုံညာတောင် ဥမင်နှင့် ဥမင်အဝင်ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် ဥမင်အရှေ့ဘက် အဝင် ရထားလမ်း၏ ချိန်းအမှတ် ၁၀၀၀တွင် သံလမ်းအကြမ်းခင်းခြင်းနှင့် ကျောက်ဖြည့်ပြီးစီးမှု အခြေအနေကို စစ်ဆေးပြီး ချိန်းအမှတ် ၁၈၈၀အထိ သံလမ်း အကြမ်းစီထားခြင်းကို လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ချိန်းအမှတ် ၆၆၇၀ရှိ မုန်တိုင်ချောင်း တံတားသို့ ရောက်ရှိပြီး ရေထုတ်ပြွန်နှင့် ဖို့မြေလုပ်ငန်းပြီးစီးမှုကိုကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ချိန်းအမှတ် ၁၁၆၀၀သို့ ရောက်ရှိပြီး ရထားလမ်း ဖြတ်သန်းမည့် ကျောက်တောင်ကို အဆင့်ဆင့် ဖြတ်တောက်ထားခြင်းအား လည်းကောင်း၊ ချိန်းအမှတ် ၁၂၈၄၀တွင် ပခုက္ကူ–ဂန့်ဂေါ–ကလေး ကားလမ်း ပေါ်မှ ဖြတ်ကျော်ဆောက်လုပ်ထား သည့် ၁၇၁ပေ အရှည် ကွန်ကရစ် တံတားနှင့်မြေထိန်းနံရံအတွက် မြေသား လုပ်ငန်းဆောင်ရွက်မှုကိုလည်းကောင်း၊ ယန္တရားများဖြင့် မြေသားဖြတ်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို လည်း ကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဥမင်ဖောက်လုပ်ခြင်းလုပ်ငန်း ရှင်းလင်း ဆောင်သို့ ရောက်ရှိရာ မြန်မာ့မီးရထားမှ စီမံကိန်းအင်ဂျင်နီယာ ဦးမောင်မောင် သွင်က ဥမင်ဖောက်လုပ်ခြင်း လုပ်ငန်း နှင့် ပတ်သက်၍ အမိုးခုံးပိုင်း၊ ဘေးနံရံ ပိုင်း၊ ကြမ်းခင်းပိုင်းများအလိုက် မြေတူး ခြင်းနှင့်ကွန်ကရစ်လောင်းခြင်း လုပ်ငန်း များ ပြီးစီးမှုအခြေအနေ၊ ဥမင်အတွင်း အချောကိုင်ခြင်း၊ သံလမ်းခင်းခြင်းနှင့် ဘေးအန္တရာယ် ကင်းရှင်းမှု အချက်ပြ ဆက်သွယ်ရေးပစ္စည်းများ တပ်ဆင်ခြင်း တို့ဆက်လက်ဆောင်ရွက်မည့် အစီအမံ၊ အရှေ့ဘက်နှင့် အနောက်ဘက် ဥမင် အဝင် ရထားလမ်းအလိုက် မြေသား လုပ်ငန်း၊ တံတားများ တည်ဆောက် ခြင်း၊ သံလမ်းခင်းခြင်း လုပ်ငန်းများ ပြီးစီးမှု၊စက်သုံးဆီ၊ဘိလပ်မြေ၊ သံလမ်း နှင့် ဇလီဖားများ ရရှိသုံးစွဲမှုနှင့် လုပ်ငန်း လိုအပ်ချက်များက ပုံစံကားချပ်များဖြင့် တင်ပြပြီး ဒုတိယဝန်ကြီး ဦးဖေသန်းက လုပ်ငန်း တွင်ကျယ် မြန်ဆန်အောင် ဆောင်ရွက် နိုင်ရေးအတွက် အစီအမံ များ ဖြည့်စွက် တင်ပြသည်။

မှာကြား

ဝန်ကြီးက တင်ပြချက်များအလိုက် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ပေးပြီး ဥမင်အတွင်းပိုင်းတွင် သံလမ်း ပြေးယာဉ် ဦးစွာခုတ်မောင်းနိုင်အောင် အမြန်ဆောင်ရွက်ရေး၊ ဥမင်အဝင်လမ်း များတွင် ဖို့မြေလုပ်ငန်းကို ပမာဏ ကြီးမားစွာ ဆောင်ရွက်ရသည့်အတွက် ရာသီဥတုဒဏ် ခံနိုင်ရည်ရှိအောင် ဆောင်ရွက်ရေး၊ လုပ်ငန်းများကို အပိုင်း လိုက် ပိုင်းခြားပြီး ပွင့်လင်းရာသီတွင် ရထားလမ်းဖွင့်လှစ်ပြေးဆွဲ နိုင်ရေးနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းမှု ဂရုပြုရေးတို့ကို မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၂၄ရက် နံနက်ပိုင်းတွင် ပုံညာတောင် ဥမင်၏ အနောက်ဘက်ခြမ်းမှ မော်တော်ယာဉ် များဖြင့် ဝင်ရောက်ပြီး ဥမင်အကျယ် ပိုင်း တည်ဆောက်ပြီးစီးမှု၊ ဥမင်ကြမ်း ခင်းပိုင်း ကွန်ကရစ်လောင်းခြင်းနှင့် သံချီ သံကွေးဆင်ခြင်းလုပ်ငန်းကို လည်းကောင်း၊ ရေစိမ့်ယိုခြင်းမှ ကာ ကွယ်ရန်အတွက် ရေစိမ့်နံရံတွင် Jet Goiuting Machine ဖြင့် ဓာတု ဆေးရည် မှုတ်သွင်းခြင်း လုပ်ငန်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဥမင်၏အနောက်ဘက်ရထားအဝင်လမ်းရှိ ချိန်းအမှတ် ၁၈၆၀၀တွင် ရေထုတ်ပြွန် ပြီးစီးမှုနှင့် ယန္တရားများဖြင့် မြေဖို့ခြင်း လုပ်ငန်းကိုလည်းကောင်း၊ ချိန်းအမှတ် ၁၈၁၅၀ရှိ ကမ်းယိုင်ချောင်းရေထုတ် ပြွန်တည်ဆောက်မှုလုပ်ငန်းကို လည်း ကောင်း၊ ချိန်းအမှတ် ၁၉၆၄၀တွင် မြေသားတာပေါင် ဆောင်ရွက်ထားမှုကို လည်းကောင်း ကြည့်ရှု စစ်ဆေးသည်။

ပုံညာတောင်ဥမင်သည် ပေ ၅၆၁၀ ရှည်လျားပြီး ဥမင်အမိုးပိုင်းနှင့် ဘေးနံရံ ပိုင်းများ အားလုံး ဆောင်ရွက်ပြီး ဖြစ် သည်။ ကြမ်းခင်းပိုင်းတွင် ပေ ၄၇၇၀ ဆောင်ရွက်ပြီးဖြစ်၍ ပေ ၈၄၀သာ ဆောင်ရွက်ရန်ကျန်ရှိကာ ဥမင်လုပ်ငန်း ၏ ၈၅ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

ဥမင်အဝင်ရထားလမ်းမှာ အရှေ့ ဘက်နှင့်အနောက်ဘက် စုစုပေါင်း ၂၆မိုင် ရှည်လျားပြီး ယခုအခါ ၆ ဒသမ ၇ မိုင် သံလမ်းခင်းပြီးဖြစ်၍ ကျန်ရှိသော လမ်းပိုင်းကိုလည်း ဆက်လက်ခင်း ကျင်းလျက်ရှိသည်။ ၎င်းလမ်းပိုင်းတစ် လျှောက်တွင် တံတားကြီးငယ် ၁၃၀ ရှိပြီး ၁၂၅ခုမှာ တည်ဆောက် ပြီးဖြစ်၍ ကျန်ရှိသော တံတားငါးခုကိုလည်း ဆက်လက်တည်ဆောက်လျက်ရှိသည်။ လုပ်ငန်း အားလုံးကို သတ်မှတ်ရက် တွင် ပြီးစီးနိုင်ရန် မြန်မာ့မီးရထား ဝန်ထမ်းများက ကြိုးပမ်းတည်ဆောက် လျက်ရှိကြောင်း သိရသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၂၅ရက် နံနက်ပိုင်းတွင် ချင်းတွင်းမြစ်ကူး ဆင်ဖြူ ရှင်တံတားသို့ ရောက်ရှိပြီး တံတား ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေး ကာ ဝန်ကြီးက ရေလယ်တိုင်များ ကြံ့ခိုင်မှုကောင်း မွန်နေစေရေးအတွက် ပုံမှန်စစ်ဆေး ထိန်းသိမ်းသွားရန် မှာကြားသည်။

ဆက်လက်၍ ရွာထောင် ဒီဇယ် စက်ခေါင်းပြင်စက်ရုံသို့ ရောက်ရှိရာ မြန်မာ့မီးရထားမှ အထွေထွေ မန်နေဂျာ ဦးမြင့်ခိုင်က EMC (D)26 နှင့် DMU 306 သံလမ်းပြေးယာဉ်များ တည် ဆောက်ခြင်း၊ စက်ခေါင်းအရန် ပစ္စည်း များထုတ်လုပ်မွမ်းမံခြင်းတို့ကို လိုက်လံ ရှင်းလင်းပြသပြီး ဝန်ကြီးက နိုင်ငံခြားငွေ သုံးစွဲမှုသက်သာအောင် စက်ခေါင်း အရန်ပစ္စည်းများ ပိုမိုထုတ် လုပ်နိုင်ရေးနှင့် တီထွင်ကြံဆ ဆောင် ရွက်ခြင်းဖြင့် မြန်မာ့မီးရထားအတွက် လိုအပ်သော အခြားယာဉ်သုံးပစ္စည်း များပါ တိုးတက် ထုတ်လုပ်နိုင်ရေး တို့ကို မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်း တွင် မန္တလေးဘူတာကြီး ပါဆယ်ဌာန ကုန်ရုံသို့ ရောက်ရှိပြီး ကုန်ပစ္စည်းများ ထားရှိမှုနှင့် တွဲတင်ခြင်း ဆောင်ရွက် နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

ရာသက်ပန်ဆွမ်းပဒေသာပင် အပင်တစ်ထောင်ပြည့် ရေစက်ချ အခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၂၇

တိပိဋက–နိကာယ သာသနာပြု ဥပဋ္ဌာကအဖွဲ့ (ရန်ကုန်ဌာန)၏ (၁၂)ကြိမ်မြောက် ရာသက်ပန် ဆွမ်းပဒေသာပင် အပင်တစ်ထောင်ပြည့် ရေစက်ချပွဲအခမ်းအနားကို ဇွန် ၂၄ ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်းရှိ တိပိဋကကျောင်းတော်၌ကျင်းပရာ တိ–နိ စီမံအုပ်ချုပ်မှု နာယက ဆရာတော်များ၊ အကျိုးတော်ဆောင် ဆရာတော်များ၊ တိပိဋက–နိကာယ သာသနာပြု ဥပဋ္ဌာက (ပင်မ) အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆွမ်းပဒေသာပင်စိုက်ထူသည့် အလှူရှင်များ နှင့် ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိ–နိ စီမံအုပ်ချုပ်မှု နာယက ဆရာတော်များအဖွဲ့ နာယက ဆရာတော် ရွှေရတု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝံသပါလလင်္ကာရ (မြင်းမူ)ထံမှ ပရိတ်သတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး တိပိဋက–နိကာယ သာသနာပြု ဥပဋ္ဌာက(ပင်မ) အဖွဲ့ဥက္ကဋ္ဌ အငြိမ်းစား သံအမတ်ကြီး ဦးအေးဖေက (၁၂)ကြိမ်မြောက် ရာသက်ပန်ဆွမ်းပဒေသာပင် အပင်တစ်ထောင်ပြည့် ရေစက်ချပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ဟိုနမ့်စံပြကျေးရွာရှိ ဟိုနမ့်–ပူရာစန်း ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းကို လင်းခေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်း၊ မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်နှင့် ရပ်မိရပ်ဖဦးဆိုင်ဖတို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မောက်မယ်မြို့နယ် ဟိုနမ့်–ပူရာစန်းကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့် ဟိုနမ့်စံပြကျေးရွာ ကျန်းမာရေးဌာနဝန်ထမ်းအိမ်ရာနှင့် ရေအားလျှပ်စစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်ရှိ ဟိုနမ့်ကျေးရွာသည် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် စည်ပင်သာယာရေးစသည့် ဘက်စုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

ဟိုနမ့်စံပြကျေးရွာ ဟိုနမ့်–ပူရာစန်း ကျေးရွာချင်းဆက် လမ်းမပေါ်ရှိ ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်း ဖွင့်ပွဲ အခမ်းအနားကို မေလ ၃ ရက် မွန်းလွဲပိုင်းတွင် ကျင်းပရာ လင်းခေး ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းက အမှာစကား ပြောကြားပြီး ဟိုနမ့်စံပြကျေးရွာ မိခင် နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌ ဒေါ်နန်းအောင်က ကျေးဇူးတင် စကားပြောကြားသည်။

ထို့နောက် ဟိုနမ့်စံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ကျင်းပရာ မောက်မယ်မြို့နယ် ပညာ ရေးမှူး ဦးရန်နိုင်အောင်က အမှာစကား ပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးစိုးလွင်က ဟိုနမ့်ကျေးရွာ၏ ပညာရေး အခြေအနေကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပညာရည်ချွန်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူ ၃၀ဦးအား မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူ အသီးသီးက ဆုများချီးမြှင့်ကြသည်။ အဆိုပါ အခမ်းအနားတွင် လင်းခေး ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်း အေးက ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးအတွက် ကျောင်းသုံးဗလာစာအုပ် ငါးဒါဇင်၊မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းက ဗလာစာအုပ် ငါးဒါဇင်နှင့် ခဲတံ၊ ပေတံများကို ထောက်ပံ့ပေးအပ်သည်။ ဟိုနမ့်အခြေခံ ပညာအထက်တန်းကျောင်းခွဲတွင် ဆရာ၊ ဆရာမ ၂၄ ဦးဖြင့် ကျောင်းသား၊ ကျောင်းသူပေါင်း ၄၃၀ ဦးကို ဒသမ တန်းအထိ ပညာသင်ကြားပေးလျက် ရှိသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး ဖွင့်လှစ်ပေးခဲ့သည့် ဟိုနမ့်စံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ လင်းခေးခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်း အေးက မဂ္ဂဇင်းမျိုးစုံအုပ်ရေ ၁၀၀ကို စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ဦးမောင်းကလောထံသို့ လည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ စည်းရုံးရေး အဖွဲ့ခေါင်းဆောင် ဒေါ်နိုင်နိုင်ဝင်းက ဂျာနယ်စောင်ရေ ၁၀၀ ကိုလည်းကောင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဦးစိုင်းဆိုင်နော် က သုတစာအုပ်မျိုးစုံအုပ် ၁၀၀ကို လည်းကောင်း၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်တင် တင်မြက စာအုပ်မျိုးစုံ ၅၀အုပ်ကို လည်းကောင်း၊ မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ အတွင်းရေးမှူးဒေါ်နန်းလှဲ့လှဲ့ မွန်က စာအုပ်မျိုးစုံ ၅၀အုပ်ကို လည်းကောင်း ဟိုနမ့်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဝင်ဒေါ်နန်းအောင်း ထံသို့ ပေးအပ်လှူဒါန်းသည်။ ဟိုနမ့် စာကြည့်တိုက်တွင် စာအုပ်ပေါင်း ၁၇၈၉ အုပ်ရှိရာ စာဖတ်ပရိသတ်များ ပြားပြီး နေ့စဉ်စာအုပ်ငှားရမ်းသူ၄၅ဦးခန့် ရှိသည်။

ဆက်လက်ပြီး ဟိုနမ့်စံပြကျေးရွာ တိုက်နယ်ဆေးရုံ၌ ကျန်းမာရေးဌာန ဝန်ထမ်းအိမ်ရာဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဝန်ထမ်းအိမ်ရာကို လက်ထောက်ပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာချိုထွန်း၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်စန်းစန်းဝေ၊ တိုင်းရင်းသားအဖွဲ့ ခေါင်းဆောင် ဦးလှိုင်ဘွားတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ အခမ်းအနားများ ကျင်းပ နေစဉ် ရှမ်းပြည်နယ် တောင်ကြီးမြို့မှ အထူးကုဆရာဝန်ကြီးများ အဖွဲ့သည် လူနာပေါင်း ၉၇ဦးအား ဆေးကုသ ပေးခဲ့သည်။

စိုက်ပျိုးသွားနိုင်

ထို့နောက် ဟိုနမ့်စံပြကျေးရွာရှိ အသက်ငါးနှစ်အောက် ကလေးသူငယ် ၃၆ဦးအား အာဟာရကျွေးမွေးစောင့်ရှောက်မှုကို ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပရာ အာဟာရများကျွေးမွေးကြပြီး ကိုယ်ဝန်ဆောင်မိခင်များအားလည်း ကျန်းမာရေး စစ်ဆေးမှုများ ပြုလုပ်ပေးကြသည်။

မောက်မယ်မြို့နယ် ဟိုနမ့်စံပြ ကျေးရွာအပါအဝင် လင်းခေးခရိုင်သည် စိုက်ပျိုးရေးကို အခြေခံ၍ စီးပွားရေး တိုးတက်ကောင်းမွန်လျက်ရှိသည့်ပြင် ဘိုင်အိုဒီဇယ်အစားထိုးနိုင်မည့် ကြစည်း ရိုးကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်းကို ယခုနှစ် ခရိုင်တစ်ခုလုံး၌ ကြစည်းရိုး ကြက်ဆူပင်ဧက ၃၁၅၀၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ခဲ့သည်။ ယခုအခါ ၁၁၀၅၄ဧက စိုက်ပျိုးပြီးစီးနေပြီး ပျိုးပင်၊ မျိုးကိုင်းများဖြင့်လည်း ဆက်လက်စိုက် ပျိုးလျက်ရှိရာ ဇွန်လကုန်တွင် လျာထား ချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုး သွားနိုင်မည်ဖြစ်သည်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ပိုလ်မှူးကြီးသိန်းညွန့် မြောင်းမြခရိုင်နှင့် ဖျာပုံခရိုင်အတွင်းရှိ မူလတန်းကျောင်းများသို့ စာသင်ခုံနှင့် ထိုင်ခုံများလှူဒါန်းပွဲအခမ်းအနား တက်ရောက်

ရန်ကုန် ဇွန် ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဇွန် ၂၄ရက် ညနေ ၄နာရီ ၁၅မိနစ်တွင် ဧရာဝတီတိုင်း မြောင်းမြခရိုင် မြောင်းမြမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ ဒေသခံ ပြည်သူများအား တွေ့ဆုံပွဲအခမ်းအနားနှင့် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဧရာဝတီတိုင်း မြောင်းမြခရိုင် မြောင်းမြမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများသို့ စာသင်ခုံနှင့် ထိုင်ခုံအစုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားများသို့ တက်ရောက်သည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက နိုင်ငံတော်က နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနေမှုများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများ၊ ဒေသများဖွံ့ဖြိုးတိုးတက်နေမှုများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တွင် ပါဝင်ဆောင်ရွက်နေမှုများ၊ ကျေးလက်ပညာရေးကဏ္ဍ မြင့်မားရေးအတွက် ကူညီဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်နွယ်နွယ်ဦးက ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းအသင်း အတွင်းရေးမှူး ဦးသန်းထွန်းနှင့် တိုင်းအသင်း အလုပ်အမှုဆောင်များ၊ ခရိုင်အသင်း အတွင်းရေးမှူးများက မြောင်းမြမြို့နယ်ရှိ ရွာဘို၊ ဝဲချောင်း၊ ညောင်ဝိုင်းလေး၊ သာလိကာကုန်း၊ မဓမလင်းဒိုင်းနှင့် ကြာဖူးငုံလက်ပံကျေးရွာ အခြေခံပညာမူလတန်းကျောင်းများအတွက် စာသင်ခုံနှင့် ထိုင်ခုံအစုံများကို အသီးသီးပေးအပ်လှူဒါန်းကြရာ သက်ဆိုင်ရာကျောင်းအုပ်ဆရာ၊ဆရာမကြီးများက လက်ခံကြပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဦးဝင်းစိန်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မြောင်းမြမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ တိုင်းအသင်း အလုပ်အမှုဆောင်များ၊ မြောင်းမြခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံပြီး တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးကာ လိုအပ်သည်များ ရှင်းလင်းမှာကြားသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဇွန် ၂၅ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ဖျာပုံခရိုင် ကျိုက်လတ်မြို့ ရွှေရောအောင်ခန်းမ၌ ကျင်းပသော ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် ဒေသခံ ပြည်သူများ တွေ့ဆုံပွဲအခမ်းအနားနှင့် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျိုက်လတ်မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများသို့ သင်ကြားမှု အထောက်အကူပြု စာသင်ခုံနှင့် ထိုင်ခုံများလှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မြောင်းမြခရိုင် မြောင်းမြမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများသို့ စာသင်ခုံနှင့် ထိုင်ခုံအစုံများပေးအပ်လှူဒါန်းစဉ်။ (နယ်စပ်/စည်ပင်)

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များ၊ ကျေးလက်ပညာရေး ဖွံ့ဖြိုးတိုးတက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်က အသင်းကြီး၏ ရည်ရွယ်ချက်များ၊ အသင်းကြီး၏ အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်မှုများနှင့် ဒေသဖွံ့ဖြိုးရေးများတွင် အသင်းကြီးက ပါဝင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်၊ တိုင်းအသင်း အလုပ်အမှုဆောင်များနှင့် ဖျာပုံခရိုင်အသင်း အတွင်းရေးမှူးတို့က ကျိုက်လတ်မြို့နယ် အတွင်းရှိ ကျီးချောင်းကျေးရွာ၊ ဆူးကဏန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းများသို့ စာသင်ခုံနှင့် ထိုင်ခုံများ၊ ကျောင်းသုံး စာရေးကိရိယာများကို ပေးအပ်လှူဒါန်းရာ ကျိုက်လတ်မြို့နယ် ပညာရေးမှူးနှင့် သက်ဆိုင်ရာ ကျောင်းအုပ်ဆရာမကြီးများက လက်ခံကြပြီး ဖျာပုံခရိုင် ပညာရေးမှူး ဦးအောင်မြင့်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းသည်။

(သတင်းစဉ်)

ဗဟန်းမဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် ဝါဆိုသင်္ကန်းကပ်ပွဲ

ရန်ကုန် ဇွန် ၂၇

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်ကြီး စီမံအုပ်ချုပ်တော်မူသော ဗဟန်း မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၌ ဝါဆိုဝါကပ်တော်မူကြမည့် စာချ၊စာသင် သံဃာတော် အပါး ၁၉၀ နှင့် ပင့်သံဃာဆရာတော်ကြီးများအား (၃၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပထမပြန်စာမေးပွဲ၌ ရန်ကုန်တိုင်း အထူးအောင် အရှင်ဇဝနာလင်္ကာရ၊ အရှင်အာလောကာလင်္ကာရ၊ ရှင်ပညာဝံသ၊ ရှင်ရေဝတ၊ သာမဏေကျော်ဘွဲ့ရ ရှင်သုခိန္ဒြိယာလင်္ကာရ၊ ရှင်ဇာဂရာလင်္ကာရ၊ ရှင်တေဇောဘာသာလင်္ကာရ တို့နှင့်ကျောင်းတိုက် ပရိယတ္တိ သဒ္ဓမ္မဟိတ စာမေးပွဲအောင် စာအောင် သံဃာတော်များ ချီးကျူးပူဇော်ပွဲကို အဆိုပါကျောင်းတိုက်၌ ဝါဆိုလပြည့်နေ့ (ဇူလိုင် ၉ရက်) (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ကုသိုလ်ရှင်များ အနေဖြင့် ဖိတ်စာများ မရောက်သော်လည်း ကြွရောက်ပါရန် ဝေယျာဝစ္စအဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

ရောဝတီတိုင်း၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ ဘက်ရဲလယ်ဝိုင်းကျောင်းတိုက်မှ

ဆရာတော် ဘဒ္ဒန္တ ဂဏ္ဍသာရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ဧရာဝတီတိုင်း၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ ဘက်ရဲမြို့ ခမည်းတော် ဦးသန်းဖေ၊ မယ်တော် ဒေါ်သန်းတို့မှ ၁၂၈၃ခုနှစ် ဝါဆိုလဆန်း ၁၄ရက် (တနင်္လာနေ့) ညဉ့် ၉နာရီအချိန်တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၂၉၆ခုနှစ်တွင် ဧရာဝတီတိုင်း၊ ကြံခင်းမြို့နယ်၊ လယ်ဝိုင်းကျောင်းတိုက်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပါသည်။ ၁၃၀၂ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ရက်နံနက် ၉နာရီ ၃၉မိနစ်အချိန်တွင် ဘက်ရဲမြို့၊ စလင်းဆိပ်ကျောင်း ခဏ္ဍသိမ်၌ ဘက်ရဲဗိမာန်ကျောင်း ဆရာတော်ဘဒ္ဒန္တပဏ္ဍိတကို ဥပဇ္ဈာယ်ပြု၍ ဦးမောင်အေး၊ ဒေါ်တင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

စာပေပရိယတ္တိသင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ဘက်ရဲမြို့ အလယ်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဘအေးကျောင်း၌ သတ္တမတန်းအထိ ပညာသင်ယူခဲ့ပြီး (၁၂)နှစ်သားအရွယ်တွင် ရှင်သာမဏေအဖြစ်ဖြင့် လယ်ဝိုင်းကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတထံ၌ သဒ္ဒါ၊ သင်္ဂဟ စသော အခြေခံကျမ်းစာများကို လည်းကောင်း၊ ကြံခင်းမြို့ မြို့လယ်ပြတိုက်ကျောင်း တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဥဂ္ဂါထံ၌ လည်းကောင်း၊ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက် ဆရာတော်များထံ၌လည်းကောင်း၊ မန္တလေးမြို့စကုတိုက်၊ တောင်သမန်တိုက်၊ ဘုရားကြီးတိုက် ဆရာတော်များထံ၌လည်းကောင်း ပါဠိအဋ္ဌကထာ၊ ဋီကာကျမ်းများကို ပေါက်ရောက်အောင်သင်ယူခဲ့၍ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့နှင့် စေတိယင်္ဂဏပရိယတ္တိဓမ္မာစရိယ ဂဏဝါစကဘွဲ့ကိုလည်းကောင်း ရရှိခဲ့ပါသည်။

စာပေပို့ချခြင်းနှင့် သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၁၅ခုနှစ်မှစ၍ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက်၌ (၅)နှစ်တိုင်တိုင်ပထမပြန်ဓမ္မာစရိယဆိုင်ရာ ကျမ်းစာများကို ပို့ချ၍လည်းကောင်း၊ ၁၃၂၀ပြည့်နှစ်မှစ၍ ပုသိမ်မြို့ ဝေဠုဝန်ကျောင်းတိုက်၌ ပရိယတ္တိစာပေများကို ပို့ချတော်မူ၍လည်းကောင်း၊ ၁၃၃၀ပြည့်နှစ်မှစ၍ လယ်ဝိုင်း ကျောင်းတိုက်၌ ပရိယတ္တိစာပေများကိုပို့ချတော်မူခြင်း၊ ဘက်ရဲမြို့ မိုးကုတ် ဝိပဿနာရိပ်သာ ပဓာန နာယကဆရာတော်အဖြစ် ဆောင်ရွက်တော်မူခြင်း၊ နိုင်ငံတော်သြဝါဒါစရိယတာဝန်ကိုဆောင်ရွက်တော်မူခြင်းတို့ဖြင့် သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ခမာဇာဂရိယ စသော ဂုဏ်များနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်းများကို ကြည်ညိုလေးစားလျက် နိုင်ငံတော်အစိုးရက ၁၉၉၆ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါအရ (၁၃၆၈ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်)၊ ၂၇-၆-၂၀၀၆(အင်္ဂါနေ့)နံနက် ၈း၄၅နာရီ တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

ဇွန် ၂၆ ရက်က ၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာပေဂီတ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ကွန်ပျူတာ ပန်းချီ၊ ပိုစတာ၊ ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ အသက်၁၀-၁၅နှစ်အောက် ပန်းချီပြိုင်ပွဲ ပထမဆုရ မအေးမြတ်သူ (အထက-၂ လသာ) အား မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးစံသိန်း ဆုချီးမြှင့်စဉ်။ (သတင်းဖော်ပြပြီး) (ကြေးမုံ)

စစ်သွေးရသစုံမဂ္ဂဇင်း ၂၀၀၆ခုနှစ် ဇူလိုင်လအတွက် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၂၇

တာဝန်ခံအယ်ဒီတာ လွင်သောင်းဝေ၏ ၂၀၀၆ ခုနှစ် ဇူလိုင်လအတွက် စစ်သွေးရသစုံမဂ္ဂဇင်းကို မြရတနာစာပေ ဖုန်း-၃၇၉၇၇၃၊ ၅၇၈၆၇၀ မှ တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

စစ်သွေးရသစုံမဂ္ဂဇင်းတွင်"ရဲနန္ဒာသု" လို့ ခေါ်ပါတယ်ဆိုတဲ့ ဆုပန်ထွာနှင့် အင်တာဗျူး၊ သောင်းဝေဦး၏ အရီနှင့်သူမ၏ ကိုကို၊ ရည်မွန်ရဲ့ စီရင်ချက်၊ တင်လတ်သန္တာဗိုလ်၏ Jennifer Lopezရဲ့ ဖက်ရှင်နှင့်စတိုင်လ်၊ ဇာနည် (Korean Wave)ရဲ့ ကြယ်ပွင့်လေးများရဲ့ ဒိုင်ယာရီကိုရေးခဲ့တဲ့ ဂျိုအင်ဆောင်ရဲ့အကြောင်း၊ သုမောင်ရဲ့ ဩော် ကိုလှကိုလှ- ဟော့ မယ်တင့် မယ်တင့်၊ ရွှေဥဒေါင်းရဲ့ ဂျမဒါကိုကိုကြီး ရန်သူများနှင့် အမဲလိုက်ရပုံ၊ အေးမြတ်သူနှင့် ရေဗက္ကာဝင်းရဲ့ အင်တာဗျူး၊ တိမ်ကြားမင်းခေါင်ရဲ့ တိုကျိုအိုဆာကာနဂိုယာနှင့် ကာဝါဆာကီမြို့များဆီသို့ ဝတ္ထုဆောင်းပါးများ ပါဝင်ပြီး ကဗျာ၊ ကာတွန်းရသ စုံလင်၍ သရုပ်ဆောင် ဆုပန်ထွာ၏ ချစ်စဖွယ် မျက်နှာဖုံးဖြင့် မဂ္ဂဇင်းပရိသတ်များအတွက် ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အောက်ပုံ)**

(သတင်းစဉ်)

လှူဒါန်း

ရန်ကုန်မြို့ အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် သာယာကုန်းလမ်းနေ ဦးအုန်းလှိုင်-(ဒေါ်ခင်အေးလှိုင်)မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် ကျပ်လေးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်လက်ခံယူစဉ်။(က-ပ)

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ

ဒိုင်လူကြီးများ၏ အရည်အသွေး ကျဆင်းလာသလော

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ကျင်းပလာခဲ့သည်မှာ ရက်သတ္တပတ်သုံးပတ်မြောက်ရှိခဲ့ပြီဖြစ်သည်။ ကမ္ဘာ့တစ်ဝန်းရှိ ထောင်ပေါင်းများစွာသော ဘောလုံးဝါသနာအိုးတို့က ကြည့်ရှုအားပေးလျက်ရှိသည်။ သို့ဖြစ်၍ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးသည် ကမ္ဘာသူ၊ ကမ္ဘာသားများကို စိတ်ဝင်စားမှုအပေးနိုင်ဆုံးသော အားကစားပြိုင်ပွဲ တစ်ခုဖြစ်ပေသည်။

ယနေ့ဆိုလျှင် ဒုတိယအဆင့် ရှုံးထွက်ပြိုင်ပွဲများ ပြီးဆုံးသွားပြီဖြစ်သည်။ မကြာမီရက်ပိုင်းအတွင်း ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားတော့မည်ဖြစ်သည်။ ကစားပြီးခဲ့သောပွဲများကို လေ့လာသုံးသပ်ကြည့်ရာတွင် ဒိုင်ပိုင်းဆိုင်ရာ ကိစ္စရပ်များတွင် ပြဿနာအချို့ ပေါ်ပေါက်ခဲ့သည်။ ၎င်းဒိုင်ပိုင်းဆိုင်ရာကိစ္စများသည် ယခုအချိန်တွင် အထွတ်အထိပ်သို့ပင် ရောက်ရှိနေသည်။ ကစားသမားများ၏ မကျေနပ်ချက်များ၊ နည်းပြဆရာများ၏ ကန့်ကွက်ထုတ်ဖော်မှုများသည် နေ့စဉ်ရက်ဆက်ဆိုသလို ကြားနေရသည်။ နောက်ဆုံး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဆဗ်ဘလတ္တာကပင် ဒိုင်လူကြီးများကို အဝါကတ်ပြသင့်ကြောင်း ထုတ်ဖော်ဝေဖန်ယူရသည့်အထိ ဖြစ်လာခဲ့သည်။

အမှန်တကယ်ဆိုရလျှင် ဒိုင်လူကြီးကြောင့် ဖြစ်ပေါ်သော ပြဿနာသည် ယခုကျင်းပနေသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးမှ ပေါ်ပေါက်ခဲ့သည်မဟုတ်။ လွန်ခဲ့သောလေးနှစ်က ကျင်းပပြုလုပ်သော ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ယခုကဲ့သို့သော ပြဿနာများပေါ်ပေါက်ခဲ့ဖူးသည်။ ထိုစဉ်က ဖီဖာဥက္ကဋ္ဌ ကိုယ်တိုင်က ယခုကဲ့သို့ပင် ဒိုင်လူကြီးများ၏ လုပ်ဆောင်ချက်အပေါ် ဝေဖန်ခဲ့သည်။ ထို့အပြင် ကမ္ဘာကျော်ဘောလုံးသမားကြီး ပီလီကလည်း ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်အပေါ် စိတ်ပျက်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုစဉ်က ကမ္ဘာ့အကောင်းဆုံး ဒိုင်လူကြီးတစ်ဦးအဖြစ် သတ်မှတ်ခံရသော ကော်လီနာကိုပင် သံသယဝင်ခဲ့ကြသည်။ အင်္ဂလန်နှင့် အာဂျင်တီးနားပွဲစဉ်တွင် ကော်လီနာ အာဂျင်တီးနားဘက်သို့ ပယ်နယ်တီပေးလိုက်ခြင်းနှင့် ပတ်သက်၍ဖြစ်သည်။ အင်္ဂလန်က အာဂျင်တီးနားကို ၎င်းပယ်နယ်တီတစ်ဂိုးတည်းဖြင့် အနိုင်ရခဲ့သည်။ [ကော်လီနာက ၎င်းပွဲမစတင်မီ ဒိုင်လူကြီးဆိုတာ လူသားတစ်ဦးဖြစ်သည့်အတွက် အမှားအယွင်းဖြစ်နိုင်သည်ဟု ပြောဆိုခဲ့သည်။ နောက်ဆုံးတွင် ကမ္ဘာ့အကောင်းဆုံး ဒိုင်လူကြီးအဖြစ် အကြိမ်ကြိမ်သတ်မှတ်ခံရပြီး တက္ကသိုလ်တစ်ခုမှ ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ခံရသော ကော်လီနာသည် နာမည်ကြီး ဘောလုံးကလပ်တစ်ခုနှင့် ဆက်နွှယ်နေသော ကုမ္ပဏီတစ်ခုမှ ငွေကြေးထောက်ပံ့မှုရယူနေသည်ဆိုသော စွပ်စွဲချက်ဖြင့် ဒိုင်လောကမှအပြီးတိုင် နုတ်ထွက်သွားရသည်။] ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် လူသိရှင်ကြားဖြစ်ပေါ်သော ဒိုင်ကိစ္စမှာ အီကွေဒေါဒိုင်လူကြီး မိုရီနိုလို ပြဿနာဖြစ်သည်။ ၎င်းကို ဖီဖာက နောက်ပွဲများ၌ ဆက်လက်ခွင့်မပြုတော့ဘဲ အိမ်ပြန်ပို့ခဲ့သည်။ သူသည်လည်း နောက်ပိုင်းတွင် သတင်းဆိုးများ ထွက်ပေါ်လာသည်။

ဒိုင် ၈၁ ဦး

၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ဒိုင်ပိုင်းဆိုင်ရာ အတွေ့အကြုံများကိုယူပြီး ယခုနှစ်တွင် စနစ်တကျ စီစဉ်ထားခဲ့သည်။ ပြိုင်ပွဲကာလတစ်လျှောက် တာဝန်ထမ်းဆောင်ရန် ကွင်းလယ်ဒိုင်၊ အကူဒိုင်၊ အရန်ဒိုင် စုစုပေါင်း ၈၁ ဦးကို နိုင်ငံအသီးသီးမှ ခေါ်ယူထားသည်။ ဖရန့်ဖတ်မြို့စွန်ရှိ ဟိုတယ်တစ်ခု၌ သီးသန့်နေရာချထားပေးသည်။ ဒိုင်လူကြီးများ တည်းခိုသော နေရာတစ်ဝိုက်ကို အချိန်ပြည့်လုံခြုံရေးချထားသည်။ ပြင်ပဆက်သွယ်မှုကိုလည်း ကန့်သတ်ပေးထားသည်။ တာဝန်ထမ်းဆောင်သော ဒိုင်လူကြီးတစ်ဦးကို အမေရိကန်ဒေါ်လာ ၄၀၀၀၀ ချီးမြှင့်ထားသည်။ [ယခင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲထက် ၂၀၀၀၀ ပိုသည်။]

ပြိုင်ပွဲကနဦးအစတွင် ဒိုင်လူကြီးများ၏ စွမ်းဆောင်ချက်များ ကောင်းမွန်သည့်အတွက် ဥက္ကဋ္ဌ ဘလတ္တာက ချီးမွမ်းခဲ့သည်။ သို့သော် ပွဲသက်ကြာလာသည်နှင့်အမျှ ဒိုင်များ၏စွမ်းဆောင်ချက်များသည် တဖြည်းဖြည်းကျဆင်းလာသည်။

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဦးဆုံး အနီကတ်ပြ၍ ထုတ်ခံရသူမှာ ထရီနီဒက် ကစားသမား အေဗရီဂျွန်ဖြစ်သည်။ ဇွန် ၁၀ ရက်က ကစားသော ဆွီဒင်–ထရီနီဒက်ပွဲတွင် ဖြစ်သည်။ ဇွန် ၁၂ ရက် ဩစတြေးလျနှင့် ဂျပန်ပွဲစဉ်တွင်လည်း ဒိုင်လူကြီး ဖစ်စတာနှင့် ပတ်သက်၍ ပြဿနာဖြစ်ခဲ့သည်။ ဂျပန်ကို အဖွင့်ဂိုးပေးရခြင်းနှင့် ပတ်သက်၍ ဒိုင်လူကြီး ဖစ်စတာက ဩစတြေးလျအသင်းသားများကို တောင်းပန်ခဲ့သည်။ ထိုကိစ္စကို နည်းပြဇစ်ကိုက ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။

တစ်ဖန် ဇွန် ၁၇ ရက် ကစားသော အီတလီနှင့် အမေရိကန်ပွဲတွင် အီတလီဘက် မျက်နှာသာပေးသည့် ဥရုဂွေး ဒိုင်လူကြီး လာရီအွန်ဒါကို

ဂမ်ဆိုင်း

အမေရိကန်နည်းပြဆရာက စိတ်ဆိုးမာန်ဆိုးဖြင့် ဝေဖန်ပြောကြားခဲ့သည်။ ထိုပွဲစဉ်တွင် ပထမပိုင်းတွင် ပြစ်ဒဏ် ၁၈ ကြိမ်၊ ဒုတိယပိုင်း၌ ခြောက်ကြိမ် အမေရိကန်ဘက်သို့ ပေးခဲ့သည်။ အီတလီမှာ တစ်ပွဲလုံး ၁၃ ကြိမ်သာ ပေးခံရသည်။

ထို့အပြင် အိုင်ဗရီကို့စ် နည်းပြဆရာ ဟင်နရီကလည်း **"အင်အားကြီးတဲ့အသင်းတွေကို ဒိုင်လူကြီးတွေက မျက်နှာသာပိုပေးတယ်"** ဟု မှတ်ချက်ပြုခဲ့သည်။ ဟင်နရီ ပြောစကားက အမေရိကန်နည်းပြဆရာ အရေီနာ၏ ဝေဖန်ပြချက်ကို ပိုမိုခိုင်မာစေသည်။

အုပ်စုပတ်လည်၏ နောက်ဆုံးပွဲစဉ်တစ်ခုဖြစ်သော ခရိုအေးရှားနှင့် ဩစတြေးလျတို့ပွဲတွင် အင်္ဂလန်ဒိုင်လူကြီး ဂရေဟမ်းပိုလ်၏ လုပ်ဆောင်ချက်ကလည်း ဖီဖာကို ကသိကအောက်ဖြစ်စေသည်။ ထို့အပြင် ဒုတိယအဆင့် ရှုံးထွက် ပြိုင်ပွဲတစ်ခုဖြစ်သော ပေါ်တူဂီနှင့် နယ်သာလန်ပွဲတွင် ရုရှားဒိုင်လူကြီး ဗယ်လင်ဟင်အီဗန်နော့ဗ်၏ ဆောင်ရွက်ချက်ကလည်း သမိုင်းမှတ်တမ်းတင်စရာတစ်ခုဖြစ်ခဲ့သည်။

နှစ်ဖက်အသင်းမှ ဘောလုံးသမားလေးဦးကို အနီကတ်ဖြင့်ထုတ်ပယ်ခဲ့သည်။ အခြားကစားသမားများကိုလည်း အဝါကတ် ၁၂ကြိမ် ပြသသတိပေးခဲ့သည်။ ပွဲစဉ်တစ်လျှောက် ၎င်းပွဲသည် ပြစ်ဒဏ်သတ်မှတ်မှု အများဆုံးဖြစ်သည်။

အုပ်စုပွဲစဉ်များပြီးဆုံးပြီးနောက် ဖီဖာမှ ထုတ်ပြန်ကြေညာသော စာရင်းဇယားအရ အဝါကတ် ၂၅၀ နီးပါးနှင့် အနီကတ်အကြိမ် ၂၀ နီးပါး ပြသခဲ့သည်ဟု သိရသည်။ ဒုတိယအဆင့်ရှုံးထွက်ပြိုင်ပွဲများတွင် ပြသခဲ့သော အဝါ၊ အနီကတ်များကို ထည့်ပေါင်းလျှင် ၎င်းအရေအတွက်ထက် ပိုမိုများပြားသွားလိမ့်မည်ဖြစ်သည်။ ပြိုင်ပွဲပြီးဆုံးသည့်အခါတွင် ထွက်ပေါ်လာမည့် အနီ၊ အဝါကတ်ပြသသည့် အကြိမ်ရေသည် ယခင်ကမ္ဘာ့ဖလားပြိုင်ပွဲများ၏ စံချိန်ကိုပင် ချိုးလိမ့်မည်ဟု ခန့်မှန်းရပေသည်။

ဇွန် ၃၀ ရက်တွင် ကွာတားဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ကျင်းပတော့မည်ဖြစ်သည်။ အုပ်စုပတ်လည်ပွဲများနှင့် ဒုတိယအဆင့် ရှုံးထွက် ပွဲစဉ်များသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတစ်ခု၏ အလှုပ်ရှားဆုံး ကာလတစ်ခုဖြစ်ပါသည်။ ကစားသမားများ၊ နည်းပြဆရာနှင့် ပြိုင်ပွဲကို ကြီးကြပ်ကွပ်ကဲရသော ဒိုင်လူကြီးများအတွက် စိတ်လှုပ်ရှားမှု အများဆုံးအချိန်လည်းဖြစ်သည်။ ထို့ကြောင့် ပွဲကိုကြီးကြပ်ရသော ဒိုင်လူကြီးတစ်ဦးအဖို့ စိတ်လှုပ်ရှားမှုနှင့်အတူ အလျင်အမြန် ဆုံးဖြတ်ရသောကြောင့် အတိမ်းအစောင်း အမှားအယွင်းရှိမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ၊ ပြိုင်ပွဲတစ်ခု၏ အလှုပ်ရှားဆုံး အချိန်ကာလတစ်ခုကို ကစားသမားများ၊ နည်းပြဆရာများနှင့် ဒိုင်လူကြီးများသည် ဖြတ်ကျော်လာခဲ့ပြီးဖြစ်သည်။ ဖီဖာ၏ ဒိုင်ဆပ်ကော်မတီအနေဖြင့် ပွဲစဉ်ပေါင်း ၅၆ ခုတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကွင်းလယ်ဒိုင်၊ စည်းကြပ်ဒိုင်လူကြီးများ၏ လုပ်ဆောင်ချက်များကို လေ့လာသုံးသပ်ပြီးပြီဟု ယူဆရသည်။ ထို့ကြောင့် မည်သည့်ဒိုင်လူကြီးအား မည်သည့်ပွဲတွင် တာဝန်ချထားရမည်ဆိုသည်ကို တာဝန်ရှိသူများက ညှိနှိုင်းလျာထားပြီးဖြစ်ပေမည်။

ဘောလုံးဒိုင်လူကြီးမှာ စက္ကန့်ပိုင်းအတွင်း သုံးသပ်ဆုံးဖြတ်ရသည်။ ထို့ကြောင့် ဘောလုံးဒိုင်လူကြီးတစ်ယောက်သည် ဆုံးဖြတ်ချက်ချရာတွင် ပို၍မှားနိုင်လေသည်။ သို့ဖြစ်၍ ဒိုင်လူကြီးတစ်ယောက်သည် ဘောလုံးနည်းဥပဒေကို နားလည်ကျွမ်းကျင်ရမည်။ ပြိုင်ပွဲအတွေ့အကြုံနှင့် လျင်မြန်စွာဆုံးဖြတ်တတ်ရမည်။ အကင်းပါးရမည်။ ထို့အပြင် မျှမျှတတနှင့် ဆုံးဖြတ်ချက်တစ်သမတ်တည်းရှိရသည်။ ပြိုင်ပွဲတစ်ခုကို နိုင်နင်းပိုင်နိုင်စွာ စီမံအုပ်ချုပ်ကွပ်ကဲတတ်ရန်လည်းလိုသည်။

နိဂုံးချုပ်၍ဆိုရသော် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဒိုင်ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ မာရီယာဗီက ပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်နေသော ကွင်းလယ်ဒိုင်လူကြီးများနှင့် စည်းကြပ်ဒိုင်လူကြီးများ၏ လုပ်ဆောင်ချက်အပေါ် ယုံကြည်မှုအပြည့်အဝရှိသည်။ ဘောလုံးပွဲကောင်းတစ်ပွဲဖြစ်ဖို့ရန် ကွင်းလယ်ဒိုင်နှင့် စည်းကြပ်ဒိုင်တို့၏ အခန်းကဏ္ဍသည် အရေးပါအရာရောက်လျက်ရှိရာ လာမည့် ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်၊ ဗိုလ်လုပွဲတို့တွင် အရည်အသွေးပြည့်ဝသော ဒိုင်လူကြီးကောင်းများအား တာဝန်ပေးသွားလိမ့်မည်ဟု ယူဆရပါသည်။ ။

ပခုက္ကူ ဦးအုံးဖေ စာပေဆုရ စာအုပ်များဖြန့်ချိ

ရန်ကုန် ဇွန် ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ပခုက္ကူဦးအုံးဖေ စာပေဆုရ စာအုပ်များကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါ စာအုပ်များမှာ ၂၀၀၃ ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆု သုတေသနစာပေ ဒုတိယဆုရ ဦးဆောင်း(သစ်တော)၏ "ရွှေ့ပြောင်းတောင်ယာ" စာအုပ်၊ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ ကျော်ဖုန်းမြင့် (ဓာတုဗေဒ)၏ "ချစ်စရာ စားစရာနှင့် အခြားဝတ္ထုတိုများ"စာအုပ်၊ ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ ကိုဇော်ဌေး(ယဉ်ကျေးမှု)၏ "သောင်းစုနှစ်၏ အလင်္ကာညများ" စာအုပ်၊ ၂၀၀၄ ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆု ဝတ္ထုရှည် ပထမဆုရ သွဲ့ထားညို(သက္ကလ)၏ "ရနံ့သင်းသော ပန်းတစ်ခင်း"စာအုပ်နှင့် ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ ရွှေညာသားမြတ်မင်း၏ "ကျေးလက်ရှုခင်း ဝတ္ထုတိုများ" စာအုပ်တို့ဖြစ်သည်။

အဆိုပါ စာအုပ်များကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ မန္တလေးမြို့ ရတနာပုံဈေးသစ် (ဒုတိယထပ်)ရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့်နယ်များရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်သည်။ (သတင်းစဉ်)

ဘာရာဇီးအသင်းမှ အက်ဒရီယာနိုက ဒုတိယမြောက်ဂိုးကို အနီးကပ်ကန်သွင်းယူစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဘာရာဇီးအသင်းက ဂါနာကိုအနိုင်ရ ကွာတားဖိုင်နယ်အဆင့်သို့တက်

ဒေါ့မွန်း ဇွန် ၂၇

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ၁၆သင်းအဆင့်ပွဲစဉ်တွင် ပါဝင်သော ဘာရာဇီးအသင်းနှင့် ဂါနာအသင်းတို့ ဂျာမနီနိုင်ငံ ဒေါ့မွန်းမြို့ရှိ ဒေါ့မွန်းအားကစားရုံတွင် ဇွန် ၂၇ ရက်က ယှဉ်ပြိုင်ကစားကြရာ ဘာရာဇီးအသင်းက ဂါနာအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ပထမဂိုး

ဘာရာဇီးအသင်း၏ တိုက်စစ်မှူး ရော်နယ်လ်ဒိုသည် ပွဲချိန် ၅ မိနစ်တွင် ကာကာဖြတ်ပို့ပေးလိုက်သော ဘောလုံးကို ရယူထိန်းချုပ်၍ ကန်သွင်းခဲ့ရာ ဂါနာဂိုးသမား ရစ်ချက်ကင်းဆန်းကာကွယ်နိုင်ခြင်းမရှိပေ။

ဘာရာဇီးအသင်းအတွက် ဒုတိယမြောက်ဂိုးကို ပွဲချိန် ၄၅ မိနစ်တွင် အက်ဒရီယာနိုက ကာဖူးပို့ပေးလိုက်သည့် ဘောလုံးမှတစ်ဆင့် ကန်သွင်းခဲ့သည်။

ပွဲသိမ်းဂိုး

ပွဲချိန် မိနစ် ၈၀ တွင် ဂါနာအသင်းမှ အမိုယာဂန်း ထုတ်ပယ်ခံရပြီးနောက် ပွဲချိန် ၈၃ မိနစ်တွင် ဘာရာဇီးအသင်းမှ ဇီးရော်ဘာတိုက ပွဲသိမ်းဂိုးကို သွင်းယူခဲ့သည်။ ***အင်တာနက်။***

ရန်ကုန်မြို့၊ သဃ်ၤန်းကျွန်းမြို့နယ်၊ မိကျောင်းကန် အပိုင်း(၃)၊ သီရိရတနာရိပ်သာ ခေမာသီလမ်းနေ ကွယ်လွန်သူ ဦးစိုးလွင်အား ရည်စူး၍ ဒေါ်ကြည်ကြည်မေနှင့်မိသားစု (စိုး–ပင်နယံနှင့်ပန်ကာ အမျိုးမျိုးလုပ်ငန်း)က သဃ်ၤန်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ ငွေကျပ် တစ်သိန်းလှူဒါန်းရာ အလုပ်အမှုဆောင် ဦးချိုသန်း လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

မိုးကုတ်ဝိပဿနာ တရားဟောပြော ပို့ချမည်

ရန်ကုန် ဇွန် ၂၇

သာကေတမြို့နယ် သံဃာ့နာယက အဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏ နာယက မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ အမှတ် (၈၉) သာကေတ မြို့နယ် အောင်စကြာမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဘဒ္ဒန္တဝိမလ ဗုဒ္ဓိဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့ အထိ ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း ပဋိစ္စသမုပ္ပါဒ်တရား၊ စက်ဝိုင်းရှင်းတမ်း အခြေခံသင်တန်းကို အချိန်ပိုင်းဖြင့် ဆရာဦးသောင်းထိုက်က မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ မျိုးမြန်မာ ဆေးတိုက် အမှတ် ၅၂၇/က ရှုခင်းသာ မြို့ပတ် ၃ လမ်း ၇/အရှေ့ရပ်ကွက် သာကေတမြို့နယ်တွင် ဟောပြောပို့ချမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ဘရာဇီးတိုက်စစ်မှူးရော်နယ်လ်ဒို ကမ္ဘာ့ဖလားသမိုင်း ဂိုးသွင်းစံချိန်တင်

ဒေါ့မွန်း ဇွန် ၂၇

ဘရာဇီးအသင်း၏ တိုက်စစ်မှူးရော်နယ်လ်ဒိုသည် ဇွန် ၂၇ရက်က ကျင်းပသည့် ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်၏ ဂါနာအသင်းနှင့်ယှဉ်ပြိုင်ကစားသောပွဲတွင် အဖွင့်ဂိုးသွင်းယူနိုင်ခြင်းဖြင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ သမိုင်းတစ်လျှောက်တွင် ၁၅ဂိုးအထိ တစ်ဦးတည်း သွင်းယူနိုင်သည့် ဘောလုံးသမားအဖြစ်စံချိန်တင်လိုက်နိုင်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဘရာဇီး-ဂါနာပွဲတွင် ပွဲချိန် ၅မိနစ်အကြာ၌ ရော်နယ်လ်ဒိုဂိုးသွင်းနိုင်ခဲ့ပြီး ဂိုးသွင်းမှုစံချိန်တင်နိုင်သည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများတွင် ယခင်ဂိုးသွင်းမှုစံချိန်တင်ထားသူမှာ အနောက်ဂျာမနီနိုင်ငံအသင်းမှ ဂတ်မူလာဖြစ်ပြီး ၁၉၇၀ပြည့်နှစ်နှင့် ၁၉၇၄ခုနှစ်တို့တွင် ကျင်းပခဲ့သော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများတွင် ၎င်းတစ်ဦးတည်းက ၁၄ဂိုးသွင်းယူခဲ့သည်။

လက်ရှိကျင်းပနေသော ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ရော်နယ်လ်ဒိုသွင်းယူခဲ့သည့် ယခင်ဂိုးနှစ်ဂိုးမှာ ပထမအဆင့် အုပ်စုပွဲစဉ်တွင် ဂျပန်အသင်းနှင့်ကစားခဲ့စဉ်က ဖြစ်သည်။ ယင်းပွဲတွင် ဘရာဇီးအသင်းက ဂျပန်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ ရီးယဲလ်မဒရစ်အသင်း တိုက်စစ်မှူးရော်နယ်လ်ဒိုသည် ဘရာဇီးအသင်း၏ အုပ်စုပွဲနှစ်ပွဲတွင် နှေးကွေးလေးလံနေကြောင်း ဝေဖန်ခံခဲ့ရသည်။

ရော်နယ်လ်ဒိုသည် ၁၉၉၈ခုနှစ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် လေးဂိုး၊၂၀၀၂ခုနှစ်ကမ္ဘာ့ ဖလားဘောလုံးပြိုင်ပွဲတွင် ရှစ်ဂိုးနှင့် ၂၀၀၆ ခုနှစ် ယခုကျင်းပဆဲ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ယခုအချိန်အထိ သုံးဂိုးသွင်းယူခဲ့သည်။ ***အင်တာနက်။***

ဇွန် ၂၇ရက်က ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ၁၆သင်းအဆင့် ရှုံးထွက်ပြိုင်ပွဲတွင် ဘရာဇီးအသင်းအတွက် အဖွင့်ဂိုးသွင်းပေးသူ ရော်နယ်လ်ဒိုအား အသင်းဖော် ဘောလုံးသမားများက ဝိုင်းဝန်းဂုဏ်ပြုကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နယ်သာလန်အသင်းနည်းပြအဖြစ် မာကိုဗန်ဘက်စ်တန်ဆက်လက်တာဝန်ယူဖွယ်

ဘာလင် ဇွန် ၂၇

နယ်သာလန် အသင်းနည်းပြ မာကိုဗန်ဘက်စ်တန် သည် လက်ရွေးစင်ဘောလုံးအသင်း၏ နည်းပြအဖြစ် ၂၀၁၀ ပြည့်နှစ်အထိ ဆက်လက်တာဝန်ယူရန် ကမ်းလှမ်း ခံရဖွယ်ရှိကြောင်း ဇွန် ၂၇ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

နယ်သာလန် အသင်း၏ တိုက်စစ်မှူးဟောင်းတစ်ဦးဖြစ်သူ ဘက်စ်တန်သည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ရှုံးထွက်အဆင့်သို့ နယ်သာလန်အသင်း တက်ရောက်နိုင်စေရန် ကြိုးပမ်းခဲ့သူဖြစ်သည်။ နယ်သာလန်အသင်းသည် ပေါ်တူဂီအသင်းနှင့် ဇွန် ၂၅ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

နယ်သာလန်ဘောလုံးအဖွဲ့ချုပ် ညွှန်ကြားရေးမှူး ဟန့်ကက်စ်လာသည် ၂၀၁၀ ပြည့်နှစ်တွင် တောင်အာဖရိကနိုင်ငံတွင်ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပပြီးချိန်အထိ နယ်သာလန်လက်ရွေးစင်အသင်း၏ နည်းပြအဖြစ် ဘက်စ်တန်ကို ဆက်လက်တာဝန်ယူရန် လိုလားသည်။ ***အင်တာနက်။***



ကျေးဇူးဆပ်ပါမည်

ကိုခင်မောင်ဦး ကိုင်ဆောင်သော နိုင်ငံသားမှတ်ပုံတင်အမှတ် [၁၂/အလန(နိုင်) ၀၁၂၇၃၂] နိုင်ငံကူးလက်မှတ်၂၈၇၆၀၆သည်ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ကိုခင်မောင်ဦး Ph-227955**

ကျေးဇူးဆပ်ပါမည်

မခင်နှင်းသီ ကိုင်ဆောင်သော နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၃/အဖန(နိုင်) ၀၀၃၅၆၅]ကိုင်ဆောင်သူ၏ ပိုင်ဆိုင်သော နိုင်ငံကူးလက်မှတ် အမှတ်-၅၅၂၈၅၂သည် ပုဇွန်တောင်မြို့နယ်အတွင်း ခရီးသွားစဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **မခင်နှင်းသီ Ph -559493**

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် အ/၃၄၈၊ Nissan Sunny SLယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ငြိမ်း မှတ်ပုံတင်အမှတ်[၁၂/ဥကတ(နိုင်)၁၅၄၇၂၂]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ အရှေ့ပိုင်းခရိုင်ရုံး၊ (ရန်ကုန်မြို့)**

ကျေးဇူးဆပ်ပါမည်

ကျွန်မ မမျိုးပပအောင်၏ နိုင်ငံသားကတ် [၁၂/သဃက(နိုင်) ၀၀၄၀၃၉]သည် ၂၆-၆-၂၀၀၆ရက်တွင်ပန်းဆိုးတန်းအလယ်ဘလောက်၌ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဆက်သွယ်ရန်-**
ဖုန်း-၀၉-၅၀၀၇၀၆၅၊ ၅၂၄၇၉၂



အနှစ်(၂၀)မြောက် မင်္ဂလာအထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ ဆင်ရေတွင်း(၁)လမ်းနေ ဦးတင်အေး-ဒေါ်ဖြူဖြူအေး၊ သမီး ဖြူငြိမ်းစံမိသားစုက ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ဂျာမနီအသင်းမှ မိုက်ကယ်ဘောလက် ကွာတားဖိုင်နယ်ပွဲတွင် ပါဝင်ကစားမည်

ဘာလင် ဇွန် ၂၇

ဂျာမနီ လက်ရွေးစင်အသင်းမှ မိုက်ကယ်ဘောလက်သည် ခြေထောက်ဒဏ်ရာ ပျောက်ကင်းသွားပြီဖြစ်ရာ အာဂျင်တီးနားအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ကွာတားဖိုင်နယ်ပွဲတွင် ပါဝင်ကစားမည်ဖြစ်ကြောင်း ဂျာမနီနည်းပြ ဂျာဂင်ကလင်းစမန်းက ဇွန် ၂၇ရက်တွင် ပြောကြားသည်။

ဂျာမနီအသင်း ကွင်းလယ်ကစားသမားမိုက်ကယ်ဘောလက်။
(ဓာတ်ပုံ-အင်တာနက်)

ချယ်လ်ဆီး ကွင်းလယ်ကစားသမားတစ်ဦးလည်း ဖြစ်သူ မိုက်ကယ်ဘောလက်သည် ဇွန် ၂၅ ရက်က ဂျာမနီလက်ရွေးစင်အသင်း၏ လေ့ကျင့်မှုတွင် ပါဝင်ကစားခြင်းမရှိပေ။ ဘောလက်သည် ဆွီဒင်အသင်းနှင့် ဇွန် ၂၄ ရက်က ၁၆ သင်းအဆင့် ပွဲစဉ်ယှဉ်ပြိုင် ကစားသည့်ပွဲတွင် ခြေထောက် ဒဏ်ရာရရှိခဲ့သည်။

အိမ်ရှင် ဂျာမနီအသင်းသည် ကွာတားဖိုင်နယ် အဆင့်သို့ တက်လှမ်းလာနိုင်ပြီဖြစ်ပြီး ဇွန် ၃၀ ရက်တွင် အာဂျင်တီးနားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းပွဲသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်အသင်းအတွက်မှတ်ကျောက်တင်ခံရမည့် ပွဲတစ်ပွဲဖြစ်သည်ဟု ဆိုသည်။

လက်ရှိကျင်းပနေသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းအနေဖြင့်အကောင်းဆုံး ခြေစွမ်းပြကစားမည်သာဖြစ်ကြောင်း၊ ကွာတားဖိုင်နယ်အဆင့်ကိုကျော်လွှား လွန်မြောက်နိုင်ရန် မိမိတို့ ဂျာမနီအသင်းအထူးတလည် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကလင်းစမန်းက ပြောကြားသည်။ ***အင်တာနက်။***

တန် ၂၈၀၀ပါ စားအုန်းဆီသင်္ဘောရောက်ရှိ

ရန်ကုန် ဇွန် ၂၇

နိုင်ငံတော်အစီအစဉ်ဖြင့် မလေးရှား၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံတို့မှ စားအုန်းဆီများကို တင်သွင်းကာ ပြည်သူလူထုသို့ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ စားအုန်းဆီတန်ချိန် ၂၈၀၀ ပါ MT.Bergprai သင်္ဘောသည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အေးရှားဝေါလ်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည်။

အလားတူ ဇွန် ၂၉ ရက်တွင် စားအုန်းဆီတန်ချိန် ၂၉၀၀ ပါ သင်္ဘောတစ်စင်းနှင့် ဇွန် ၃၀ ရက်တွင် စားအုန်းဆီတန်ချိန် ၂၇၅၀ ပါ သင်္ဘောတစ်စင်းတို့ ထပ်မံဆိုက်ကပ်လာမည်ဖြစ်သည်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ်နှင့်အဖွဲ့အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဇွန် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ် Commander in Chief Royal Thai Navy Admiral Satirapan Keyanonနှင့် ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေး ခရီးစဉ် ပြီးဆုံး၍ ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ်နှင့်ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်ဇနီး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး **စာမျက်နှာ ၈ ကော်လံ ၁ သို့** ➪

ပို့ဆောင်နှုတ်ဆက်

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ် Commander in Chief Royal Thai Navy Admiral Satirapan Keyanon **အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်စဉ်။** (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

NLD သည် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို မည်သည့်အခါကမျှ ဆောင်ရွက်ခဲ့ခြင်းမရှိ NLDပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့၍ ဒီပဲယင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၁၄ ဦး အသီးသီးနုတ်ထွက်

ရန်ကုန် ဇွန် ၂၇

စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင်များဖြစ်ကြသော လက်ယက်ကုန်းကျေးရွာမှ ဦးပေါရွှေ၊ ဦးကျော်စိန်၊ ဦးပြည့်၊ ဦးကျော်ထွေး၊ ဦးတိုက်ကြီးနှင့် ဒေါ်ညိုညိုသိန်းတို့သည် ဇွန် ၆ ရက်တွင် လည်းကောင်း၊ ကြည်ကျေးရွာမှ ဦးငွေး၊ ဦးတင်အောင်နှင့် ဦးဝင်းကျော်စိန်တို့သည် ဇွန် ၇ ရက်တွင်လည်းကောင်း၊ လက်ယက်ကုန်း ကျေးရွာမှ ဦးပြည့်၊ ဦးပွဲ၊ စိုင်ပြင်ကျေးရွာမှ ဦးပေါတင်၊ ဒီပဲယင်းမြို့မှ ဦးတိုက်၊ ဦးကျော်အုန်းတို့သည် ဇွန် ၈ရက်တွင် လည်းကောင်း ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်နှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာများတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)သည် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို မည်သည့်အခါကမျှ ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ ၎င်းတို့အနေဖြင့် NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့၍ ယခုကဲ့သို့ ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်ခြင်းဖြစ်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)



အင်တာနက် သိပ္ပံသတင်း

ဟာဘယ်အာကာသအဝေးကြည့်မှန်ပြောင်း ကင်မရာတစ်လုံး စက်ချွတ်ယွင်းနေ

ဝါရှင်တန် ဇွန် ၂၆

ဟာဘယ် အာကာသအဝေးကြည့်မှန်ပြောင်းတွင် တပ်ဆင်ထားသော ပင်မကင်မရာများအနက် ကင်မရာတစ်လုံးမှာ စက်ချွတ်ယွင်းနေကြောင်း သိပ္ပံပညာရှင်များက ဇွန် ၂၆ ရက်တွင် ပြောကြားသည်။

သက်တမ်းကြာလာသည့် ဟာဘယ် အာကာသအဝေးကြည့်မှန်ပြောင်းရှိ ကင်မရာတစ်လုံး စက်ချွတ်ယွင်းမှု မည်သည့်အတွက်ကြောင့် ဖြစ်ပေါ်ရသည်ကို သိပ္ပံပညာရှင်များက လေ့လာသုံးသပ်လျက်ရှိသည်။

ဟာဘယ် အာကာသအဝေးကြည့်မှန်ပြောင်းတွင် တပ်ဆင်ထားသော ကင်မရာများမှာ အဆင့်မြင့်နည်းပညာသုံး ကင်မရာများဖြစ်သည်။ အဆိုပါ အထူးကင်မရာသုံးလုံးအနက် တစ်လုံးမှာ ဇွန် ၂၆ ရက်မှစ၍ ပုံမှန်အလုပ်မလုပ်တော့ကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိရသည်။

အာကာသအဝေးကြည့်မှန်ပြောင်း၏ အထူးကင်မရာတစ်လုံး ချွတ်ယွင်းရမှုမှာ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

ဟာဘယ် အာကာသအဝေးကြည့်မှန်ပြောင်းကို အာကာသလွန်းပြန်ယာဉ် ခရီးစဉ်တစ်ခုအတွင်း ရိုက်ကူးထားပုံကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ယနေ့မိုးလေဝသ ၂၈–၆–၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။